မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ၂၀၂၄ ခုနှစ်၊ မေ ၂၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၂၂၉)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မဟာအောင်မြေမြို့နယ် မုန့်တီစုသဲပုံစေတီဘုရားဝင်းအတွင်း သဲပုံစေတီဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မန္တလေး မေ ၂၀

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း မုန့်တီစုသဲပုံစေတီနှင့် မင်းသားစုသဲပုံစေတီနှစ်ဆူရှိသည့် အနက် မုန့်တီစုသဲပုံစေတီဘုရားဝင်းအတွင်း သဲပုံစေတီဘုရားပွဲတော်ကို နှစ်စဉ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

မိုးရာသီကာလအတွင်း မိုးကာအုပ်အစေးခြစ်ခြင်းစနစ်က ရော်ဘာအစေးခြစ်ရက် ပိုမိုရရှိနိုင်

မုဒုံ မေ ၂၀

ရော်ဘာသည် ပြည်တွင်းစက်မှုလုပ်ငန်းများသာမက ပြည်ပပို့ကုန်များအတွက် အရေးပါသော စက်မှုကုန်ကြမ်းဖြစ်သော်လည်း ရော်ဘာအစေးခြစ်ခြင်းအများစုမှာ မိုးများသောကာလများ၌ အစေးခြစ်ခြင်းများကို ရပ်နားထားရပြီး အစေးခြစ်ရက်ယူနိုင်သော ကာလလျော့နည်းသည့်အတွက် အထွက်နှုန်းလည်း သိသိသာသာ လျော့နည်းလာသည်။

ယခုအခါတွင်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ ဖြစ်ပေါ်နေသည့်အတွက် အစေးခြစ်ရက်များ လျော့နည်းလျက်ရှိသည်။ တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းခန့်၊ ရော်ဘာစိုက်ပျိုးသော ဒေသများဖြစ်သည့် မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တစ်နှစ်လျှင် ပျမ်းမျှမိုးရွာရက် ၁၂၄ ရက်နှင့်အထက်၊ မိုးရေချိန် ၁၂၀ လက်မနှင့် အထက်ရှိခြင်းကြောင့် ပင်စည်လုံးပတ်ဝက်ရက်ခြားခြစ်ခြင်း (S/2d2) စနစ်ဖြင့် ပုံမှန်အစေးခြစ်ပါက အစေးခြစ်ရက် (၁၀၅ - ၁၁၀) ရက်ရရှိပြီး မိုးရာသီကာလ မိုးကာတပ်ဆင်၍ (S/2RGd2) စနစ်ဖြင့် အစေးခြစ်ပါက ရက် ၁၇၀ ခန့်ရရှိကာ အစေးခြစ်ရက် ၆၀ ခန့် ပိုမိုရရှိခြင်းကြောင့် ရော်ဘာအထွက်နှုန်းမှာ ၆၀ ရာခိုင်နှုန်းခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း မုဒုံမြို့နယ် နှစ်ရှည်ပင်များ သုသေတနနှင့်

စာမျက်နှာ ၄ ကော်လံ ၁ ❖

ယနေ့ ဖတ် စ ရာ

ငြိမ်းချမ်းရေးအတွက် စိတ်ခွန်အား၊ ငြိမ်းချမ်းရေးအတွက် အောင်နိမိတ် (ကဆုန်လပြည့်၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့အထူး)

ဆောင်းပါး စာ ၁၀

ဖခင်ကျန်းမာရေးအခြေအနေကြောင့် ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား၏ ဂျပန်ခရီးစဉ်အား ရှေ့ဆိုင်း

နိုင်ငံတကာသတင်း စာ ၁၃

ကျောက်ဆည်ဒေသထွက် စိန်တစ်လုံးသရက် ဈေးကောင်းရရှိ

စီးပွားရေးသတင်းများ စာ ၁၄

ပဋ္ဌမအကြိမ် အမျိုးသားအားကစား ပွဲတော်ကြီး ကျင်းပမည်

ဆောင်းပါး စာ ၁၆

သားသမီးတို့ပညာရေး အလေးပေး

လာမည့်မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နံရေး သီတင်းပတ်ဖြစ်သည်။ "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်ဖြင့် ပညာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။ ပညာသင်ယူတတ်မြောက်ထားသူတိုင်း မိမိတတ်မြောက်သည့်ပညာဖြင့် မိမိဘဝကို ကောင်းမွန်စွာ တည်ဆောက်နိုင်ကြမည်ဖြစ်ရာ မိဘအုပ်ထိန်းသူတိုင်းက ပညာသင်အရွယ်ကလေးအားလုံးကို ကျောင်းအပ်နှံပေးကြရန် လိုသည်။

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များကို နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပေးလျက်ရှိရာ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါဟု ဖော်ပြထားသည့်အပြင် သင်ရိုးသစ် ဖတ်စာအုပ်များ၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံတစ်စုံ စသည်တို့ကို သူငယ်တန်းမှသည် ၆ဒသမတန်းအထိ အခမဲ့ထောက်ပံ့သွားမည်ဖြစ်ကြောင်း အရေအတွက်များနှင့်တကွ ဖော်ပြထားသည်။

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များအဖြစ် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်း မပြုရန်၊ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရန်၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရန် တားမြစ်ထားပြီး မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများကိုလည်း မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်၊ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားပေးအပ်ခြင်းမပြုပါရန် မေတ္တာရပ်ခံထားသည်။ ဤသည်မှာ ဆင်းရဲနွမ်းပါးခြင်း၊ ကျောင်းထားရန် ငွေကြေးမတတ်နိုင်ခြင်းဆိုသည့် အကြောင်းရင်းကြောင့် ကျောင်းနေအရွယ်ဖြစ်ပါလျက်နှင့် ပညာသင်ရန် ကျောင်းအပ်နှံခြင်းမပြုသည့် အဖြစ်မျိုးမဖြစ်စေရန်၊ ကျောင်းအပ်နှံခြင်းအတွက် ငွေကြေးတစ်ပြားတစ်ချပ်မျှ ကုန်ကျမှုမရှိစေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကျောင်းနေအရွယ် သားငယ်၊ သမီးငယ်တို့၏ မိဘအုပ်ထိန်းသူတိုင်း မိမိတို့၏ကလေးများကို ကျောင်းသို့ မဖြစ်မနေ လာရောက်အပ်နှံနိုင်ကြစေရန် အဓိကရည်ရွယ်ရင်းပင်ဖြစ်သည်။

"အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့်ကင်းကွာ ပညာရေးနိမ့်ခိုက်ချသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများက ပိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်နမောင်မယ်များအား တွေ့ဆုံ၍ ဩဝါဒစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ကျောင်းနေအရွယ်ကလေး၊ လူငယ်အားလုံး ကျောင်းနေ၍ ပညာသင်ကြားရေး၊ အချိန်မတိုင်မီ ကျောင်းထွက်သူများ မရှိရေးတို့အတွက် မိဘအုပ်ထိန်းသူများရော ဆရာ၊ ဆရာမများကပါ အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအစီရင်ခံစာတွင် ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြကြောင်း အသက် ၁၂ နှစ်မှစ၍ ကျောင်းတက်နှုန်း ကျဆင်းလာကာ အသက် ၁၄ နှစ်နောက်ပိုင်း အလယ်တန်းပြီးမြောက်ချိန်တွင် သိသိသာသာကျဆင်းလာကြောင်း ဖော်ပြထားရာ မိဘများအနေဖြင့် သားသမီးတို့၏ ပညာရေးကို အလေးပေးစဉ်းစားရန်၊ အရေးတကြီး မလိုအပ်ဘဲ အိမ်အလုပ်၊ မိသားစုဝင်ငွေအလုပ်အတွက် သားသမီးတို့၏ လုပ်အားကို အသုံးမချရန်၊ မိမိတို့၏ ရင်သွေးများကို အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးပြီး အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူခြင်းဖြင့် ဘဝအရည်အသွေး ကောင်းမွန်မြင့်မားစေကာ ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်နိုင်ကြပါမည့်အကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယုယုခင် ကို ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်

နေပြည်တော် မေ ၂၀

ဘဂ်လားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ဇာနမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈၊၆ပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

မိုး/ဇလ

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၈၈ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မိဘများ၏ အတ္တစွဲကြောင့် စာသင်ကျောင်းနှင့် ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ"** ခေါင်းစဉ်ဖြင့် မေ ၂၂ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စုပေါင်းကာကွယ်သဘာဝဘေးအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သူ့အတွေးကိုယ့်အမြင် တွေ့ဆုံဆွေးနွေးပွဲ ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပ

ပြင်ဦးလွင် မေ ၂၀

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်နှင့်အညီ လူငယ်များတွင် စိတ်ဓာတ်ကောင်းများရှိရေး၊ ဘဝတိုးတက်ရေးအတွက် ကြိုးစားချင်စိတ်ရှိပြီး အခက်အခဲများကို တွန်းလှန်နိုင်သော စိတ်ခွန်အားများရရှိစေရေး၊ မသန်စွမ်းလူငယ်များအား စာပေဆိုင်ရာအသိအမြင်ဗဟုသုတများ ရရှိစေရေးနှင့် လူငယ်အချင်းချင်း ပိုင်းဝန်းဖေးမကူညီစေရေး ရည်ရွယ်၍ "သူ့အတွေးကိုယ့်အမြင် တွေ့ဆုံဆွေးနွေးပွဲ" ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာတော်ဦးပေါ့ဥ တည်ထောင်သော ပြင်ဦးလွင်မြို့ ပရဟိတမျက်မြင် ဘက်စုံပညာသင်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီ အသင်းဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့ ဗမာလူမျိုးစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့နယ် သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ပြင်ဦးလွင်မြို့ Women Club , Youth Club နှင့် Book Club အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြင်ဦးလွင်မြို့ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၅၀ တက်ရောက်ကြသည်။

အခက်အခဲများဆွေးနွေး

ဆွေးနွေးပွဲတွင် ပရဟိတမျက်မြင် ဘက်စုံပညာသင်ကျောင်းမှ မန္တလာတက္ကသိုလ်တွင် ဒဿနိကဗေဒ အထူးပြုဘာသာရပ်ပညာသင်ကြားနေသော မျက်မြင်ကျောင်းသား မောင်မောင်မြင့်နှင့် ရတနာပုံတက္ကသိုလ်တွင် ဥပဒေပညာ သင်ကြားနေသော မသန်စွမ်းကျောင်းသူ မခင်ထူးမာတို့က ၎င်းတို့၏ဘဝနှင့်ပတ်သက်၍ အတွေးအမြင်များ၊ ဇွဲလုံ့လတို့ဖြင့် ဘဝကို အရှုံးမပေးဘဲ ကြိုးစားခဲ့ပုံများ၊ တွေ့ကြုံရသော အခက်အခဲများ ဖြေရှင်းခဲ့ပုံများကို ဆွေးနွေးသည်။

မုဒိတာစကားများ ပြောကြား

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော အသင်းအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အစိုးရစက်မှုလက်မှု သိပ္ပံ ပြင်ဦးလွင်မှ ကျောင်းသား ကျောင်းသူများ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက မျက်မြင်ကျောင်းသား ကျောင်းသူများ၏ ကြိုးစားမှု၊ မလျှော့သော ဇွဲလုံ့လများဖြင့် ကြိုးစားမှုများ အပေါ် လေးစားဂုဏ်ယူကြောင်း၊ ၎င်းတို့၏ ကြိုးစားမှုများကို မြင်တွေ့ပြီး မိမိတို့လည်း ယခုထက် ပိုမိုကြိုးစားရန် အတွေးအမြင်များ ရပါကြောင်းနှင့် ခွန်အားဖြည့် မုဒိတာစကားများ ပြောကြားကာ စာရေးဆရာကို ရွှေအောင်သင်းက ဘဝခွန်အားဖြစ် စာပေရသဝတ္ထုတို့ကို ဟောပြောဆွေးနွေးသည်။

အလှူငွေများပေးအပ်

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက မျက်မမြင်ကျောင်းသား ကျောင်းသူများ၏ သီဆိုတီးမှုတ်မှုများကို နားဆင်အားပေးခြင်း၊ မျက်မမြင် ကျောင်းသား ကျောင်းသူများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ပြင်ဦးလွင်မှ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်မောင်မယ်များက ပူးပေါင်းကာ တေးသီချင်းများ အတူတကွ စုပေါင်း သီဆိုဖျော်ဖြေပေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသော စေတနာရှင်များက ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင် ဘက်စုံ ပညာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများ အတွက် အလှူငွေများပေးအပ်ရာ ဆရာမသီတဂု(ကျောက်ဆည်)က ကျောင်းသား ကျောင်းသူများ ကိုယ်စားလက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ဖြူလူသစ် ခရိုင်(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/ ၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

လာမည့်အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းများ ခေါ်ယူရာတွင် ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးနှင့် လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် အလေးထားဆောင်ရွက်

နေပြည်တော် မေ ၂၀

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

လုပ်ငန်းစဉ်များကိုချမှတ်

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ ဗဟိုအဖွဲ့အစည်းအဝေးသုံးကြိမ်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် အလုပ်အဖွဲ့များနှင့် အစည်းအဝေး တစ်ကြိမ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် အစည်းအဝေး နှစ်ကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးများတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ တင်ပြခဲ့မှုအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား ရှင်းလင်းဖြေကြားစေခဲ့ပြီး အားသာချက်/ အားနည်းချက်များကို သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်း။

နည်းဥပဒေရေးဆွဲရေးနှင့် ပတ်သက်၍ ဗဟိုအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးဌာနသုံးခုနှင့် တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့ခြောက်ခုတို့က ပေးပို့ခဲ့သည့် အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများက အလေးထားဖတ်ရှုပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ ရေးဆွဲထားသည့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ (စတုတ္ထမူကြမ်း) ကို ရေးထုံးရေးနည်း စိစစ်ရန်နှင့် ဥပဒေကြောင်းအရသဘောထားပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာနမှ ဖြည့်စွက်ပြင်ဆင်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ပြန်ကြားခဲ့ပါကြောင်း၊ ယင်းပြန်ကြားလာမှုအပေါ် စံပြုလုပ်ထုံးလုပ်နည်း ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေပြုစုရေးဆွဲရေး အလုပ်အဖွဲ့က အစည်းအဝေးခေါ်ယူပြီး ပြင်ဆင်ချက်/ ဖြည့်စွက်ချက်များနှင့်အတူ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ (စတုတ္ထမူကြမ်း) ကို ထပ်မံပြုစုရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း။

အတည်ပြုချက်ရယူသွားမည်

နည်းဥပဒေ (စတုတ္ထမူကြမ်း) နှင့် ပတ်သက်၍ ဆွေးနွေးချက်များ၊ အကြံပြုချက်များရှိပါက ပိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ဆွေးနွေးချက်၊ အကြံပြုချက်များကို ဆောလျင်စွာပေးပို့ပေးရန် ပြောကြားလိုပါကြောင်း၊ ပေးပို့လာသည့် အကြံပြုချက်များအပေါ် ပြင်ဆင်/ ဖြည့်စွက်သင့်သည်များကို ပြင်ဆင်/ဖြည့်စွက်၍ ဥပဒေရေးရာဝန်ကြီးဌာနသို့ ရေးထုံးများစိစစ်ရန်နှင့် သဘောထားမှတ်ချက်များ ပြန်ကြားပေးရန် ထပ်မံပေးပို့သွားရမည် ဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများ စိစစ်ပြီး အကြံပြုချက်များဖြင့် သဘောထားမှတ်ချက်ပြန်ကြားလာပါက ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူသွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်း ပထမအပတ်စဉ်နှင့် ဒုတိယအပတ်စဉ်များကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တတိယအပတ်စဉ်အတွက် သတ်မှတ်သင်တန်းသားအရေအတွက်၊ Time Frame များကိုလည်း မြေပြင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန် ပြင်ဆင်ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး လက်ကမ်းစာစောင် ၆၈၆၂၅ ကို ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မြန်မာ့ရုပ်မြင်သံကြားမှလည်း သတင်း TV Spot ကြေညာချက်အစီအစဉ်၊ ဆောင်းပါးနှင့် နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြောကြားချက်များအပါအဝင် နှိုးဆော်ချက်များ၊ TV မဂ္ဂဇင်း/ ရေဒီယို မဂ္ဂဇင်းအဖြစ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်ပြောကြားခဲ့သော ဆောင်းပါးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အရာရှိတစ်ဦးပြောကြားခဲ့သည့် ဆောင်းပါးများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ပါရှိသည့် ဆောင်းပါးများကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန Webportal တွင် အများပြည်သူကြည့်ရှုနိုင်ရန် တင်ထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှားမဖြစ်စေရေးနှင့် သတင်းမှန်များ ကျယ်ပြန့်စွာ ရောက်ရှိနိုင်ရေးအတွက် Mobile Operator လေးခုမှတစ်ဆင့် Short Message Service(SMS) အစောင်ရေ ၂၆၂ ဒသမ ၁၉ သန်း ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကင်းလွတ်ခွင့်၊ လျှောပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များအတွက် ဥပဒေပုဒ်မ -၂၂ နှင့် ၁၅(က)တွင် ပါရှိသည့် သတ်မှတ်ချက်များအပြင် ပြည်သူများ သိသင့်သိထိုက်သော ထုတ်ပြန်ချက်များကို Mobile Operator လေးခုမှတစ်ဆင့် SMS အစောင်ရေ ၁၃၃ ဒသမ ၀၀ သန်း ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်း၊ သင်တန်း(၂)ပတ်စဉ် ဖွင့်လှစ်ခဲ့ပြီးချိန်တွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ တွေ့ရှိခဲ့ရပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့စစ်မှုထမ်းအဖွဲ့များအနေဖြင့် တွေ့ကြုံခဲ့ရသည့် အားနည်းချက် အားသာချက်များအပေါ် အပြန်အလှန်သုံးသပ်၍ လာမည့်အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းများ ခေါ်ယူရာတွင် ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးနှင့် လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် အလေးထားကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ကလည်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ကြိုတင်စီမံဆောင်ရွက်

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းအပတ်စဉ် (၂) ခုကို အောင်မြင်စွာ ဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်ပေးကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်ဖွင့်လှစ်ခဲ့သည့် အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ရာတွင် လာရောက်ရန် ပျက်ကွက်သူများအားလုံးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အပတ်စဉ်(၃)ကို လျှာထားချက် ပြည့်မီစွာဖြင့် ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါ်ပေါက်ပြီးနိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခင်ဖွင့်လှစ်ခဲ့သည့် အပတ်စဉ်များ၌ တွေ့ကြုံခဲ့သည့် အတွေ့အကြုံအရ လျှာထားချက်ပြည့်မီရေး ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး အစားထိုး

စာမျက်နှာ ၄ သို့

ရာဇဝတ်အထူးအယူခံမှု(၂)မှနှင့် တရားမအထူးအယူခံမှု(၇)မှ စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၅)မှ ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၄ (မန္တလေး) နှင့် ၂/၂၀၂၄ (ပဲခူး)၊ တရားမအထူးအယူခံမှုအမှတ် ၄၅/၂၀၂၃ (ရန်ကုန်)၊ ၄၆/၂၀၂၃ (မန္တလေး)၊ ၄၇/၂၀၂၃(မန္တလေး)၊ ၄၈/၂၀၂၃ (မန္တလေး)၊ ၄၉/၂၀၂၃(ရှမ်း)၊ ၇/၂၀၂၄(ရန်ကုန်)နှင့် ၁၀/၂၀၂၄(ဧရာဝတီ)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၂)မှုနှင့် တရားမအထူးအယူခံမှု(၇)မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၉/၂၀၂၄ (မကွေး)၊ ၁၁/၂၀၂၄(မန္တလေး)၊ ၁၂/၂၀၂၄ (ရန်ကုန်)၊ ၁၆/၂၀၂၄(မန္တလေး) နှင့် ၁၇/၂၀၂၄ (မန္တလေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅) မှ တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

ဖြည့်တင်းမှုများရှိခဲ့ပါကြောင်း၊ ထိုသို့ဖြည့်တင်းရာတွင် SOP ပုံစံများ ပြည့်စုံစွာ တင်ပြမှုမရှိသည့်အတွက် စာရင်းကွဲလွဲမှုများ၊ စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် အချိန်ပေးဆောင်ရွက်ရခြင်းများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအတွေ့အကြုံများကို မူတည်၍ လာမည့်အပတ်စဉ်များတွင် စနစ်တကျ စီမံဆောင်ရွက်ကြရန်လိုကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ အနေဖြင့် သတ်မှတ် Time Frame အတွင်းဝင်အောင် Check List နှင့် ဆောင်ရွက်ရန် လိုအပ်ပြီး အခက်အခဲရှိပါက ဝန်ကြီးချုပ်များထံ တင်ပြကြရန် လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များက မှန်မှန်ကန်ကန် ဆောင်ရွက်စေရေး တိုင်း၊ ခရိုင်အဆင့်များက စနစ်တကျတာဝန်ပေးကြီးကြပ်ရန် မှာကြားလိုပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နိုင်ငံသား/ ဧည့်နိုင်ငံသား/ပြုနိုင်ငံသား မဟုတ်သူများကို ပြည်သူ့စစ်မှုထမ်း ရွေးချယ်ခြင်းမပြုရန် လိုအပ်ပါကြောင်း၊ ယခင်ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်/ အားသာချက်များအား သုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများအတွက် သတ်မှတ်လျာထားချက်များအတိုင်း ပြည့်မီရေး အလေးထား ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တရားလွှတ်တော်ရှေ့နေများကောင်စီ (မန္တလေး)ရုံးခွဲ ဖွင့်လှစ်

မန္တလေး မေ ၂၀

တရားလွှတ်တော်ရှေ့နေများကောင်စီ(မန္တလေး)ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ၊ ၆၈ x ၇၀ လမ်းကြားရှိ အဆိုပါရုံးခွဲ၌ မေ ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး တက်ရောက်ဖွင့်လှစ်သည်။ **(ယာဝုံ)**

အချိန်နှင့်တစ်ပြေးညီ လိုက်ပါဆောင်ရွက်နိုင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က တရားလွှတ်တော်ရှေ့နေများကောင်စီရုံးခွဲကို ရန်ကုန်တွင်သာမက မန္တလေးရုံးခွဲကိုပါ ဖွင့်လှစ်နိုင်ခဲ့သဖြင့် နှစ်စဉ်ကြေး ကောက်ခံရာတွင် ယခင်ထက်ပိုမိုလွယ်ကူမည်ဖြစ်ပြီး နှစ်စဉ်ကြေးများ ပြည့်ဝစွာ ရရှိလာမည်ဖြစ်သည့်အပြင် ရှေ့နေရှေ့ရပ်များနှင့်ပတ်သက်၍ ငွေကြေးခဝါချမှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အခြေပြုလုပ်ငန်းခွင် ပြင်ပကြီးကြပ်ခြင်း (Offsite Monitoring) နှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်စစ်ဆေးခြင်း (Onsite Inspection) များမှာ တရားလွှတ်တော်ရှေ့နေများ ကောင်စီမှ ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ လိုက်ပါဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Enrol စစ်ဆေးခြင်းများအပေါ် ကြိုတင်စစ်ဆေးနိုင်ခြင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ(မန္တလေး)သို့ ရှေ့နေရှေ့ရပ်များအပေါ် တိုင်ကြားလာမှုနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်နိုင်ခြင်း၊ ရှေ့နေရှေ့ရပ်များက တင်ပြလာသည့် အခက်အခဲများကို တရားလွှတ်တော်ရှေ့နေများကောင်စီကိုယ်စား ကြိုတင်ဖြေရှင်းနိုင်ခြင်း၊ အထက်မြန်မာပြည်ရှိ တရားလွှတ်တော်ရှေ့နေများ၏ အကျိုးကို ယခင်ထက်ပိုမိုဆောင်ရွက်ပေးနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးများရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ဒေါက်တာထိန်လင်းဦး၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များမှာကြားကာ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းတို့က လုပ်ငန်းဆိုင်ရာများ တင်ပြကြရာ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **သတင်းစဉ်**

❒ ***ရှေ့ဖုံးမှ***

အဆိုပါ သဲပုံစေတီအား ရွှေတချောင်းဘေးတွင် ရိုးရာမယျက် ပူဇော်ခွင့် လျှောက်ထားသဖြင့် ၁၁၄၆-ခုနှစ် မှစတင်၍ ဘိုးတော်မင်းတရားက ခွင့်ပြုတော်မူရာ ရဟန်းတော် (ဘုရင်ကျောက်ဘွားထောက်) အကြီးအမှူးပြု၍ နှစ်စဉ် မဟာဝါဌက သဲပုံစေတီပွဲကို စတင်ပြုလုပ်ပူဇော်ခဲ့ပြီး ယခုအခါ အကြိမ် (၂၄၀) မြောက်အဖြစ် ထီးတော်အလှူရှင်၊ ကြာမောက် ကြာလုန်နှင့် ၄က်ပျောဖူးအလှူရှင်များ၊ ရပ်ကွက်နေပြည်သူများ၏ ကောင်းမှုများဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ကြောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ပြောပြသည်။

နှစ်စဉ် ကျင်းပပြုလုပ်ပူဇော်သည့် မုန့်တီစုသဲပုံစေတီ ထီးတင်ဘုရားပွဲအား မဟာအောင်မြေမြို့နယ် ကင်းဝန်မင်းကြီးတိုက်သြဝါဒါစရိယဆရာတော် ဥားကောသလ္လက နှစ်စဉ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် ကျင်းပသည့် သဲပုံစေတီပူဇော်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ တရားတော်များ ချီးမြှင့်ပေးခဲ့ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေတိုး (မန်း)

❖ ***ရှေ့ဖုံးမှ***

နည်းပညာဖွံ့ဖြိုးရေးခြံတာဝန်ခံ ဦးမောင်မောင်မြင့်က ပြောသည်။

မိုးကာအုပ်အစေးခြစ်ခြင်းစနစ်သည် မိုးရာသီကာလအတွင်း အစေးမခြစ်မီ သို့မဟုတ် အစေးခံထားဆဲအချိန်၌ မိုးရွာလျှင်အပင် အထက်ပိုင်းမှ စိမ့်ကျလာသော မိုးရေများကို အစေးခြစ်လမ်းကြောင်းနှင့် အစေးခံခွက်များအပေါ် ရေစိမ့်မဝင်နိုင်စေရန် အဓိကတားဆီးနိုင်ကြောင်း၊ မိုးတွင်းကာလအတွင်း အစေးခြစ်ရက် ပိုမိုရရှိခြင်းသည် အစေးခြစ်လုပ်သားများ ဝင်ငွေရရှိအောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ကျွမ်းကျင်လုပ်သား ဆုံးရှုံးမှုပြဿနာကိုလည်း ဖြေရှင်းနိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်သည့် ကောင်းမွန်သောနည်းစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

ပြည်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

ပြည် မေ ၂၀

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ ပြည်ခရိုင်ဘဏ်ခွဲ၌ ယနေ့နံနက်ပိုင်းက မိုးသီးနှံစိုက်တောင်သူများထံ သို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ် ချေးငွေအကြံပေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အကြံပြုဆွေးနွေးစကား ပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ မန်နေဂျာ ဦးမျိုးထွန်းမြင့်နှင့် ခရိုင်/မြို့နယ် တာဝန်ရှိသူများက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပြည်မြို့နယ် မုဒ္ဓောကျေးရွာ အုပ်စုမှ မိုးသီးနှံစိုက်တောင်သူများထံ လက်ဝယ်အရောက် ပေးအပ်သည်။ **(ယာဝုံ)**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ ပြည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် လျာထားဧက ၄၆၀၀၀ အတွက် စုစုပေါင်း မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်းပေါင်း ၆၉၀၀၀ ခန့် ထုတ်ချေးပေးရန် လျာထားဆောင်ရွက် ထားရှိကြောင်းနှင့် ချေးငွေများကို ယခု မေ၂၀ရက်မှ စတင်ထုတ်ချေးပေးခြင်းဖြစ်ကာ အဆိုပါ ချေးငွေများ ထုတ်ချေးပေးရာတွင် ယမန်နှစ်က စိုက်ပျိုးစရိတ် ချေးငွေများကို နိုင်ငံတော်သို့ အပြေအကျေ ပြန်လည်ပေးဆပ်ပြီးသူများအား ပထမဦးစားပေး ထုတ်ချေးပေးလျက်ရှိကြောင်းနှင့် ယနေ့တွင် ပြည်မြို့နယ် မုဒ္ဓောကျေးရွာအုပ်စုမှ တောင်သူ ၄၃ ဦးအား ချေးငွေများ စတင်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြည်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၂၀-၅-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	နေပြည်တော်	၃၈.၀	၁၀၀.၄
၂။	ရန်ကုန်	၃၉.၀	၁၀၂.၂
၃။	မန္တလေး	၄၁.၀	၁၀၅.၈

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌဦးအာကာလင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ မေ ၁၈ ရက် နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ချီးမြှင့်ငွေများ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ မကြာမီကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အသင့်ဖြစ်စေရန် အတွက် ကျောင်း၏ ဥပမိရုပ်ကောင်းမွန်စေရေး၊ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်တို့ကို ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများအနေဖြင့် ကျောင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို သိရှိလိုက်နာ၍ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်၍ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ် ရေဖြူကျေးရွာအုပ်စု ရေဖြူအလယ်ရွာအနီးရှိ ဇော်ဂျီ ရေထွက်မှ Solar ရေတင်စနစ်ဖြင့် စိုက်ပျိုးရေး Pilot Project လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ပင်းတယ - ရပ်စောက် ကားလမ်းမှ ရှစ်သောင်းလေးထောင်ဘုရား - ရေဖြူကျေးရွာ အင်လမ်း ၁ မိုင် ၂ ဖာလုံ ကျောက်ဖြန်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် သစ်အယ်ပင် - ထယ်သွန်းလမ်း ၂ မိုင် ၄ ဖာလုံအနက် ၁ မိုင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်တို့က လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကာ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် ပအို့ဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ် အမျိုးသမီးအိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ဆိုက်ခေါင်) သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) သို့ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြား၍ ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်း (ဆိုက်ခေါင်) ကျောင်းအပြင်ပတ်လမ်းနှင့် ဆိုက်ခေါင်အားကစားကွင်း အဝင် အထွက်လမ်း အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆိုက်ခေါင်အားကစားကွင်းနှင့် ပွဲကြည့်စင်များကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့နယ် မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်းဒေသများ၌ အစားထိုးဖွံ့ဖြိုးမှု လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လမ်းကွန်ရက်ဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကောင်းကလွန်း - လွယ်မိုင်းတောင် (ဖွိုင့် ၈၂၆၃) ၂ မိုင် ၆ ဖာလုံ မြေလမ်းသစ်ဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း၊ ပန်ကလ - ဒုံလိတန် ၃ မိုင် ၂ ဖာလုံ မြေလမ်းဖောက်လုပ်ပြီးစီးမှု၊ ကွန်ကရစ် တံတား သုံးစင်းနှင့် Box Culvert ၁၇ စင်း တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိ ရာ တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များမှာကြားပြီး လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဘဏ္ဍာရေးနှစ် အလိုက် ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ ကို ရှင်းလင်းမှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် အောင်ပန်းမြို့ရှိ နယ်စပ် ဒေသ တိုင်းရင်းသားလူငယ်များ စက်မှု လက်မှုပညာသင်တန်းကျောင်း၌ ကျင်းပ သည့် လျှပ်စစ်သင်တန်း၊ ဂေဟသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား များကို ချီးမြှင့်ငွေများ ပေးအပ်ပြီး ဘာသာရပ်အလိုက် လေ့ကျင့်ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည့် သင်ထောက်ကူပစ္စည်းများ၊ အိပ်ဆောင်၊ စားရိပ်သာ တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် နန်းသဲ - တောင်လား - တောင်ကွဲ - နန်းတိုင်းသွားလမ်း ၁၅ မိုင် ၅ ဖာလုံပေါ်တွင် ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ Box Culvert ငါးစင်းနှင့် အလျားပေ ၃၀ ကျောက်စီမြေထိန်းနံရံ ကျောက်စီရေမြောင်း ဆောင်ရွက်ပြီးစီးမှုနှင့် ရွှေမင်းဖုန်း ကျေးရွာအုပ်စု ဟင်းခါးကုန်း - ဆင်တောင် - ခွေးရုပ်သွားလမ်း ၅ မိုင် လမ်းတာချဲ့ခြင်းနှင့် Box Culvert ကိုးစင်း တည်ဆောက်ပြီးစီးမှု လုပ်ငန်းခွင်များသို့ ရောက်ရှိပြီး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လိုအပ်သည်များ မှာကြားသည်။

များစွာအထောက်အကူပြုမည်

အဆိုပါလမ်းပိုင်းအား ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကလောမြို့နယ်အတွင်းရှိ ကျေးရွာ ၄၅ ရွာမှ ဒေသခံတိုင်းရင်းသားလူဦးရေ ၁၃၁၄၅ ဦးတို့အတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရွှေတောင်မြို့နယ်၌ နွေစပါး (ဗီယက်နမ် ဆဖိုးသာ) စပါးမျိုး စံကွက်ရိတ်သိမ်း၊ အစိုတင်း ၁၇၃ ဒသမ ၀၄ တင်း ထွက်ရှိ

ရွှေတောင် မေ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယ်ကျေးရွာအုပ်စု ပုရပိုက်တန်းကျေးရွာ (ရွာဟောင်း) တောင်သူဦးကျော်ဌေး၏ နွေစပါးစိုက် လယ်မြေတွင် နွေစပါး (ဗီယက်နမ် ဆဖိုးသာ) စပါးမျိုး ၄ ဒသမ ၉၄ ဧကၭ် ရိတ်သိမ်းခြွေလေ့စက်ဖြင့် နွေစပါး စံကွက်ရိတ်သိမ်းခဲ့သည်။

နွေစပါးစံကွက် ရိတ်သိမ်းရာသို့ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေးမွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးမွေးမြူရေးကြီးကြပ်မှုကော်မတီပါ ဌာနဆိုင်ရာများ၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးမွေးမြူရေး ကြီးကြပ်မှုကော်မတီပါ ဌာနဆိုင်ရာများ၊ ရွှေတောင်မြို့နယ် ဒီမိုကရေစီ ပြည်သူ့ကာကွယ်ရေးတပ်မတော် ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးမွေးမြူရေးကြီးကြပ်မှုကော်မတီပါ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ နွားမယ်ကျေးရွာအုပ်စု၊ ဆည်ကြီးကုန်းကျေးရွာအုပ်စု၊ ကသစ်တိုင်းကျေးရွာ အုပ်စုများရှိ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ နွေစပါးစိုက်ခင်းကို စပါးခြွေလေ့စက်ဖြင့် ရိတ်သိမ်း၍ စံနှုန်းတိုင်းတာခြင်း၊ အထွက်နှုန်းချိန်တွယ် တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ရာ စံကွက် ၆၆ ပေ ပတ်လည် (၀ ဒသမ ၁၀ ဧက) ကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်း အစိုတင်း ၁၇၃ ဒသမ ၀၄ တင်း ထွက်ရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ် အနေဖြင့် ယခုနှစ် နွေစပါးလျာထားဧက ၁၉၂၇ ဧကတွင် စိုက်ဧက ၂၅၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထား ဧကထက် ၆၅၂ ဧက ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ရာ ဗီယက်နမ် စပါးမျိုးနှင့် ရတနာတိုးစပါးမျိုးများ စိုက်ပျိုးခဲ့ကြသည်။ မြို့နယ်အတွင်း နွေစပါးစိုက်တောင်သူများ တစ်ဧက အထွက်နှုန်း ကောင်းမွန်စေရန် အတွက် စိုက်ပျိုးရေးဦးစီးဌာနက စပါး မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးရေး နည်းပညာများ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၀-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်	၄၃.၄	၁၁၀.၁
၂။	မကွေး	၄၂.၉	၁၀၉.၂
၃။	ညောင်ဦး	၄၂.၈	၁၀၉.၀
၄။	မင်းဘူး	၄၂.၆	၁၀၈.၇
၅။	မြင်းခြံ	၄၂.၀	၁၀၇.၆
၆။	မြင်းမူ	၄၁.၉	၁၀၇.၄
၇။	ဧရာင်းတူ	၄၁.၈	၁၀၇.၂
၈။	အောင်လံ	၄၁.၇	၁၀၇.၁
၉။	ဆင်ဖြူကျွန်း	၄၁.၅	၁၀၆.၇
၁၀။	အမ်း	၄၁.၅	၁၀၆.၇
၁၁။	ညောင်လေးပင်	၄၁.၅	၁၀၆.၇

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အပူပိုင်းဒေသရှိ ခရိုင်များအတွင်း တစ်ရွာ နှစ်ဧက ကျေးရွာထင်းစိုက်ခင်းနှင့်ဘက်စုံသုံးစိုက်ခင်းများတည်ထောင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု စစ်ဆေး

နေပြည်တော် မေ ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ရှိ ရွှေတာပင်ပျိုးဥယျာဉ်အတွင်း အပူပိုင်းဒေသ အထူးစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ရန် သစ်မျိုး ၁၈ မျိုးဖြင့် ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိမှု အခြေအနေနှင့် ကန်ရေပျိုးဥယျာဉ်အတွင်း ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးရန်အတွက် သစ်မျိုး ၂၀ ဖြင့် ပျိုးပင် ၁၁၀,၀၀၀ ကျော် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်း - ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးမည့် ၁/၂၀၂၄ ကျေးရွာသုံးထင်းစိုက်ခင်း ၈က ၃၀ ၏ မြေပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာများ၏ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ထင်းလိုအပ်ချက်များအတွက် သဘာဝတောများမှ မှီခိုနေမှုကို လျှော့ချနိုင်ရန်အတွက် ကျေးရွာထင်းစိုက်ခင်းများ၊ တစ်ရွာ နှစ်ဧက စိုက်ခင်းများ တိုးချဲ့တည်ထောင်သွားရန်၊ စိုက်ခင်းတည်ထောင်ခြင်းနှင့်အတူ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ရေး၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းဖြင့် တစ်အုပ်တစ်မ သစ်တောအုပ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနရုံးများသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးခရိုင် မကွေးမြို့နယ်ရှိ ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်း ၈ဝ၀ ဆင်ပေါင်ဝဲမြို့နယ်ရှိ ချောင်းကောက်ကျေးရွာ တစ်ရွာ နှစ်ဧက ဘက်စုံသုံး စိုက်ခင်းနှင့် ဆင်ပေါင်ဝဲမြို့နယ် တောပုန်းကြီးကြိုးပြင်ကာကွယ်တော အကွက်အမှတ် (၁) ရှိ ၂/၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ ၏ မြေပြုပြင်ဆောင်ရွက်နေမှုကို လုပ်ဆောင်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ်ရှိ ၁/၂၀၂၃ ကျေးရွာထင်းစိုက်ခင်း ၁၂၅ ဧက၏ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သက္ကယ်ကျင်းကျေးရွာရှိ ၂၀၂၄ မိုးရာသီ ဘက်စုံသုံးစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးမည့်နေရာ မြေပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့်တွေ့ဆုံကာ သစ်တောသစ်ပင်များ၏ကောင်းကျိုးနှင့် လူသားတို့အပေါ် အကျိုးပြုပုံ၊ မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပုံတို့နှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကျွန်းသစ်စေ့ထုတ်ဧရိယာအဖြစ် တိုးချဲ့သတ်မှတ်

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ ပြည်ကျွန်းကြိုးပိုင်း ၇၈ ဧကအတွင်း သက်ကြီးကျွန်းစိုက်ခင်းထိန်းသိမ်းစောင့်ရှောက်ထားမှုနှင့် ကျွန်းသစ်စေ့ထုတ်ဧရိယာ တည်ထောင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်ခင်းများ အောင်မြင်အောင်တည်ထောင်ရာတွင် မျိုးကောင်းမျိုးသန့်၊ ကျွန်းသစ်စေ့များရရှိရေးသည် အလွန်အရေးကြီးသည့်အတွက် ကောင်းမွန်ဖြောင့်တန်းသော ကျွန်းပင်များ ပေါက်ရောက်ရာ သဘာဝတောနှင့် သက်ကြီးကျွန်း စိုက်ခင်းနေရာများကို ကျွန်းသစ်စေ့ထုတ်ဧရိယာအဖြစ် တိုးချဲ့သတ်မှတ်သွားရန် မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်မြို့ မြန်မာ့သစ်လုပ်ငန်းဧည့်ရိပ်သာတွင် ပြည်ထောင်စုဝန်ကြီးအား ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ် ဖမ်းဆီးဖော်ထုတ်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားမဝင်သစ် ဖမ်းဆီးဆောင်ရွက်မှုသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာ ၁၀,၇၈၁ တန်၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၇,၇၄၂ တန်၊ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် မေလလယ်အထိ ၁,၆၃၁ တန် ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အနေဖြင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၂,၂၆၅ တန်၊ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် မေလလယ်အထိ ၄၉၂ တန် ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ တရားမဝင်သစ်ဖမ်းဆီးဖော်ထုတ်ရာတွင် နည်းလမ်း ရှစ်သွယ်ဖြင့် ဆောင်ရွက်နေသည့်အနက် လူထုအခြေပြုစောင့်ကြည့်ကြည့်ရှုသတင်းပို့စနစ်အား ယခုထက်ပို၍ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေးအတွက် တရားမဝင်သစ်ဖမ်းဆီးဖော်ထုတ်ရေးသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

လုပ်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ပိတောက်မြိုင်ပျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးခြင်းအတွက် သစ်မျိုး ၁၉ မျိုးဖြင့် ပျိုးပင် ၆၀,၀၀၀ ကျော်ပျိုးထောင်ထားမှု၊ သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ ရွှေဝါမြိုင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၇ မျိုးဖြင့် ပျိုးပင် ၁၀၆,၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၃ ခုနှစ် သီးနှံသစ်တောရောနှောစိုက်ခင်း၊ သာယာဝတီမြို့နယ် ရာပြည့်ပျိုးဥယျာဉ်အတွင်း သစ်ပင်စိုက်ပွဲတော်များနှင့် လူထုဖြန့်စိုက်ပျိုးခြင်းအတွက် သစ်မျိုး ၁၅ မျိုးဖြင့် ပျိုးပင် ၉၀,၀၀၀ ကျော်ပျိုးထောင်ထားရှိမှု၊ တရားမဝင်သစ်ဖမ်းဆီးဖော်ထုတ်မှုမှ ရရှိလာသောသစ်များ စုပုံဆောင်ရွက်ထားမှု အခြေအနေများကို လုပ်ညှိလည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပလတ်စတစ်အိတ် သုံးစွဲမှုလျှော့ချရေး အသိပညာပေး

မြဝတီ မေ ၂၀

ကရင်ပြည်နယ် မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကွမ်းယာဆိုင် ဖွင့်လှစ်ရောင်းချသူများအား ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ ပြုလုပ်သည်။ **(အေပေါ်ပို့)**

ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင် အရာရှိဦးကျော်ကျော်ဦးက မြို့နယ်အတွင်း ရောင်းချနေသည့် ကွမ်းယာဆိုင်များအနေဖြင့် ပလတ်စတစ်အိတ်ထုပ်ပိုးသုံးစွဲမှုအစား ဖက်ရွက်ဖြင့် ပြောင်းလဲအသုံးပြုစေလိုကြောင်း၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပတ်ဝန်းကျင်ရှိလေထုစနစ်ကောင်းမွန်စေရေးအတွက် လူသားတို့နေ့စဉ်အသုံးပြုနေသည့် ပလတ်စတစ်အိတ်ကို မီးရှို့ဖျက်ဆီးမှုများမပြုလုပ်ဘဲ ပလတ်စတစ်အိတ်အစား ဖက်များဖြင့်အစားထိုးအသုံးပြုစေလိုကြောင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်မိုးကိုက ဈေးကွက်တွင် ရောင်းချနေသည့် ပစ္စည်းများဝယ်ယူရာတွင် သက်တမ်းကုန်ဆုံးမှု သေချာစွာ ကြည့်ရှုဝယ်ယူသင့်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်

ပြည် မေ ၂၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့ ဧီးအုပ်ကျေးရွာအုပ်စုရှိ စိုက်ပျိုးပညာပေးစခန်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ပြီး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မဖြစ်မနေ ဆောင်ရွက်ရမည့် မျိုးကောင်းမျိုးသန့်၊ ပြောင်းလဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲခြင်း၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်းအပြင် သွင်းအားစုများ အချိန်မီအသုံးပြုနိုင်ရေး ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တောင်သူများ၏ အဓိကသီးနှံများ အထွက်နှုန်း တိုးတက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများကလည်း မိမိပြုဖလာစိုက်ပျိုးနည်းများမှ စက်မှုလယ်ယာစနစ်သို့ လိုက်ပါပြောင်းလဲရန် လိုအပ်ကြောင်းနှင့် စိုက်ပျိုးမြေအား မြေလပ်မရှိ အကျိုးရှိရှိ စိုက်ပျိုးသွားကြရန် ပြောကြားသည်။ **(အေပေါ်ပို့)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးသီးနှံ စိုက်ရာသီအတွက် ပဲစင်းငုံမျိုးသန့်၊ မျိုးစေ့များ၊ ပိုက်ဆံလျှော်မျိုးသန့်၊ မျိုးစေ့များ၊ သွင်းအားစု ဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက်တောင်သူလယ်သမား သင်တန်းကျောင်းရှိ သင်တန်းသား အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ထမင်းစားဆောင် တို့ကို လုပ်ညှိလည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧီးအုပ်ကျေးရွာအုပ်စု၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံမတ်ပဲအပြီး ဒုတိယသီးနှံ (နေ့) မတ်ပဲ အထွက်နှုန်းကောင်း TBL-9 စမ်းသပ်စိုက်ပျိုးထားရှိမှုများကို သွားရောက်ကြည့်ရှုသည်။ ထို့နောက် နတ်တလင်းကျေးရွာအုပ်စုရှိတောင်သူ ဦးအောင်ဆန်း၏ YSR-1 (Yezin Super Rice) စံပြမျိုးစေ့ထုတ် စိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း YSR-1 (Yezin Super Rice) စံပြမျိုးစေ့ထုတ် စိုက်ခင်း ၁၀၂ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့စီးပွားဖြင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ ဦးတင်အောင်ဖြူ၏ ဝေဖြိုးစားသောက်ကုန်လုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများကျင်းပ

နေပြည်တော် မေ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ဘားအံ၊ လပွတ္တာ၊ အောင်ပန်း) တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်း ဖွင့်ပွဲများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ကလည်းကောင်း၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစောမြင့်ဦးကလည်းကောင်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်စီမံအုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက လည်းကောင်း အသီးသီးတက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်း သုံးကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင် သင်တန်းများတွင် သင်တန်းသား စုစုပေါင်း ၁၂၅ ဦးဖြင့် သင်တန်းကာလ ရက်သတ္တာ ၂၂ ပတ်ကြာ သင်ကြားဖွင့်လှစ် ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၄၇၇ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်

ထားဝယ် မေ ၂၀

ပြည်သူများအနေဖြင့် သစ်တော သစ်ပင်များ၏တန်ဖိုးကို အလေးထား သိရှိနားလည်နိုင်စေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရေးတို့ကို ရည်ရွယ်၍ ယနေ့ နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကွန်ပျူတာတက္ကသိုလ်ရှေ့ တိုးချဲ့လေယာဉ်ကွင်းဧရိယာအတွင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးပွဲတော် ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းက တက်ရောက်လာသူများအား သစ်ပင်ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကဲ့ကော်ပျိုးပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များက သတ်မှတ်ထားသော နေရာများတွင် ပျိုးပင် အမျိုးအစား ခုနှစ်မျိုး စုစုပေါင်း ပျိုးပင် ၃၆၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သစ်ပင်ပျိုးပင် စိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။ (ဝဲပုံ)

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့၊ ဧဝံ မျိုးစုံကြွယ်ဝဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့၊ သစ်တော သစ်ပင် ကျေးဇူးရှင် ထိန်းသိမ်းကြစို့ ထာဝစဉ်၊ ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြအောင်ထိန်းသိမ်းစသည့် ဆောင်ပုဒ်နှင့် အညီ တိုးချဲ့လေယာဉ်ကွင်း ဧရိယာ အတွင်း၌ ကဲ့ကော်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ခရေ၊ သက်နီး၊ တမလန်း၊ ကျွန်း၊ စုစုပေါင်း ပျိုးပင် ၃၆၂ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်း သင်တန်းအမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရာတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို နားလည်သဘောပေါက်ပြီး ပြည်သူ့ဝန်ဆောင်မှု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို နားလည်သဘောပေါက်ပြီး ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်နိုင်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) သဘောတရားကို နားလည်ပြီး အရာထမ်းတစ်ဦး သိရှိသင့်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဗဟုသုတများကို ရရှိစေရန်၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပိုမိုကျေညက်စေရန်၊ ဦးဆောင်နိုင်မှု စွမ်းရည်မြင့်မားစေရန်နှင့် ပေးအပ်လာသော တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်သည့် အရည်အသွေး တိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ရရှိသည့် အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများကို ပြည်သူ့အတွက် ကောင်းမွန်သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေးတို့တွင်အထောက်အကူဖြစ်စေရေး ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားသည်။ အလယ်အလတ်အဆင့် အရာထမ်း သင်တန်းအမှတ်စဉ် (၁၁) သို့ သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တာ ၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲပွဲစဉ်တွင် မြန်မာအသင်း အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်

ရန်ကုန် မေ ၂၀

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မေ ၂၀ ရက်က မလေးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည်သုံးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် မေ ၁၉ ရက်က အုပ်စုပထမပွဲအဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရာ အနိုင်ရခဲ့သဖြင့် အုပ်စုနှစ်ပွဲစလုံး အနိုင်ရပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ် ပွဲစဉ်များကို မေ ၂၁ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ကွာတားဖိုင်နယ်ပွဲများ အဖြစ် နှစ်ယောက်တွဲပြိုင်ပွဲတွင် အိန္ဒိယအသင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ညီမြတ်သော်တာ

မလှိုင်မြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

မလှိုင် မေ ၂၀

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းနေအရွယ် ကလေးငယ်များ အားလုံး ကျောင်းတက်ပညာသင်ကြားနိုင်ရန် "ကျောင်းနေအရွယ်ကလေး အားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာဆိုင်းဘုတ် ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက်က မိတ္ထီလာ-မြင်းခြံ ကားလမ်းမဘေးရှိ အထက (မလှိုင်) ကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြေစိုက်ပိုစတာဆိုင်းဘုတ်ကို မြို့နယ်ပညာရေးကြီးကြပ်မှူးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဝင်(၂) ဦးအောင်ကျော်သူ၊ အဖွဲ့ဝင် (၃) ဦးသိန်းဟန်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **မြတ်ထွန်း(မလှိုင်)**

ရန်ကုန်နည်းပညာတက္ကသိုလ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ အာကာသယာဉ်မှူး၏ အာကာသနည်းပညာဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ အာကာသယာဉ်မှူး၏ အာကာသနည်းပညာဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ Deputy General Director for International Cooperation၊ H.E. Mr. Savelyev Sergey Valentinovich နှင့် Roscosmos State Cooperation မှ Executive Director for Manned Space Program မှ

အာကာသယာဉ်မှူး Mr. Krikalev Sergey Konstantinovich ၊ Samara တက္ကသိုလ်မှ ကိုယ်စားလှယ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မော်ဘီ)၊ နည်းပညာတက္ကသိုလ် (သန်လျင်) တို့မှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Cooperation မှ Executive Director for Manned Space Program အာကာသယာဉ်မှူး H.E. Mr. Krikalev Sergey Konstantinovich က အာကာသ နည်းပညာဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ထို့ပြင် Samara တက္ကသိုလ် Chief Executive Officer, Dmitrity A. Baranov သည် ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် Samara တက္ကသိုလ်အကြား အာကာသ နည်းပညာနှင့် သက်ဆိုင်သည့် Exchange Program များ ဆက်လက်ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

ရန်ကုန် မေ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မည်သို့သောအခြေအနေဖြင့် ကြုံတွေ့နေရသည့် တိုင် နိုင်ငံသားများအပေါ် အလေးအနက် တနံဖိုးထား၍ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်ကာ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည် ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ တစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်မှ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ မေ ၁၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် Abu Dhabi မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ဘန်ကောက်မှ တစ်ဆင့် ရန်ကုန်မြို့သို့ မေ ၁၉ ရက်နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မအိသက်ဖြူသည် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ အလုပ်ရှင် နေအိမ်တွင် နှစ်လကျော် အလုပ်လုပ်ကိုင်ခဲ့ရာ အလုပ်ပင်ပန်းခြင်း၊ အစားအသောက် အဆင်မပြေခြင်း၊ လစာ မရခြင်းတို့ကြောင့် အိမ်ရှင်နှင့်အဆင်မပြေဖြစ်၍ ဆက်လက်လုပ်ကိုင်လိုခြင်း မရှိခြင်းကြောင့် ထွက်ပြေးခဲ့ရာမှ ထိန်းသိမ်းရေးစခန်းသို့ ရောက်ရှိခဲ့ပြီး မြန်မာသံရုံးမှ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး အမိနိုင်ငံသို့ အမြန်ဆုံး အဆင်ပြေချောမွေ့စွာ ပြန်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည့် မအိသက်ဖြူသည် ရန်ကုန်မြို့သို့ မေ ၁၉ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီး မိဘဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးမှ ကူညီညှိနှိုင်း ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့ကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင် လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

ပျဉ်းမနားမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

ပျဉ်းမနား မေ ၂၀

နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် တောင်သူများအတွက် သွင်းအားစုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်အုပ်စုများအလိုက် ထုတ်ချေးပေးလျက်ရှိသည်။

ဦးစွာ တောင်သူများအား ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ မန်နေဂျာ ဒေါ်နန့်တင်စန်းက တောင်သူများ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုပေါင်း ၃၈ အုပ်စုတို့မှ တောင်သူပေါင်း ၄၁၈၈ ဦးတို့အတွက် စုစုပေါင်း စိုက်ပျိုးစရိတ် ချေးငွေကျပ် ၂၅၃၈၁ ဒသမ ၅၀ ကို လျာထားလျက်ရှိရာ ယနေ့တွင် သနပ္ပင်ဆိပ်ကျေးရွာအုပ်စုနှင့် ကျွန်းဦးကျေးရွာအုပ်စုအတွင်းရှိတောင်သူ ၆၁ ဦးတို့၏ စပါးစိုက်ပျိုးဧက ၁၇၃ ဧက၊ နှမ်းစိုက်ပျိုး ဧက ၃၀ နှင့် ပြောင်းစိုက်ပျိုးဧက ၃၈ ဧကတို့အတွက် ငွေကျပ်သိန်း ၃၂၇ ဒသမ ၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

နာမည်ကြီး ရီးရဲမက်ဒရစ်ကို သရေကစားနိုင်ခဲ့သော်လည်း ဥရောပဝင်ခွင့် ဆုံးရှုံးခဲ့ရသည့် ဗီလာရီးရဲ

စပိန်လာလီဂါပွဲစဉ်(၃၇)မှ ဗီလာရီးရဲနှင့် ရီးရဲမက်ဒရစ်အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်လေးဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါ ပွဲစဉ်ကို မေ ၁၉ ရက် ည ၁၁ နာရီခွဲတွင် ဗီလာရီးရဲအသင်း အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ပထမပိုင်းပွဲချိန်တွင် ဗီလာရီးရဲအသင်းကို ခြေစွမ်းအသာဖြင့် တစ်ဖက်သတ် ဖိအားပေးကစားကာ လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့သော်လည်း ခရစ္စတယ်ပဲလ်ဖေ တိုက်စစ်ကစားသမားဟောင်း ဆောလော့သ်၏ သွင်းဂိုးများကြောင့် တစ်ဖက်လေးဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ယခုပွဲစဉ်တွင် သရေကျခဲ့သောကြောင့် ဗီးလာရီးရဲအသင်းသည် ရာသီပိတ်ပွဲစဉ်မတိုင်မီ အဆင့် (၇) နေရာမှ ရီးရဲဘက်တစ်အသင်းနှင့် ရမှတ်ကွာဟမှု လေးမှတ်အထိ ရှိသည့်အတွက် လာမည့်နှစ် ဥရောပဝင်ခွင့် မျှော်လင့်ချက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဂူလာ၊ ဂျီဆေလူနှင့် ဗက်ကွက်ဇ်တို့က သွင်းယူပေးပြီး ဗီးလာရီးရဲအသင်းအတွက် သွင်းဂိုးများကို ဆောလော့သ်တစ်ဦးတည်းက သွင်းယူပေးနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် လာမည့် ဇွန် ၁ ရက်တွင် ယူအီးအက်ဖ်အေချန်ပီယံလီဂ်ဗိုလ်လုပွဲစဉ်အဖြစ် ဂျာမန်ကလပ် ဒေါ့ခွန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့သည့် အခြားသော ပွဲစဉ်ရလဒ်များတွင် ဘီလ်ဘာအိုက ဆီဗီလာကို နှစ်ဂိုး- ဂိုးမရှိ၊ အိုဆာဆူနာက အက်သလက်တီကိုမက်ဒရစ်ကို လေးဂိုး-တစ်ဂိုး၊ ဘာစီလိုနာက ဗက်လက်ကာနိုက် သုံးဂိုး- ဂိုးမရှိ၊ ဆိုစီဒက်က ဘက်တစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆဲလ်တာဗီဂိုက ဂရန်နာဒါကို နှစ်ဂိုး-တစ်ဂိုး၊ ဗျိုရိုနာက ဗလင်စီယာကိုသုံးဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး ကာဒစ်ဓိနှင့် လက်စ်ပဲလ်မက်စ် အသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သလို မာရျောကာနှင့် အယ်မီးယားအသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်စော**

**ကျောဖုံးမှ*

ပြည်တွင်းပြိုင်ပွဲများ၌ အောင်မြင်မှုများ ဆက်တိုက်ရရှိနေသည့် နာမည်ကြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ရခိုင်ယူနိုက်တက်အသင်းတို့ ဆီမီးဖိုင်နယ်တက်ရေး အဆုံးအဖြတ်ပွဲအဖြစ် တွေ့ဆုံခဲ့ရာ အကြိတ်အနယ်ရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြိုကစားခဲ့သလို ရှမ်းယူနိုက်တက်အသင်း အနေဖြင့် အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းတွင်သွင်းယူသည့် တစ်လုံးတည်း သောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရခိုင် ယူနိုက်တက်အသင်းက တောက်လျှောက် ဖိကစားနိုင်သော်လည်း ရှမ်းဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြကာကွယ်နိုင်ခဲ့သဖြင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။

YUSC ကွင်းဌာနကျင်းပသည့်ပွဲတွင် ကချင် ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၈၃ မိနစ်တွင် ဖိုးခန့်ကျော်က Glory Goal အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း သန်းဇော်ဟိန်းက ကချင်ယူနိုက်တက်အတွက် ချေပဂိုး ပြန်သွင်းခဲ့သဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ရမှတ် ၂၁ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းက ၁၈ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ Glory Goal အသင်းက ခုနစ်မှတ် ရရှိပြီး Rainbow အသင်းက ရှစ်ပွဲစလုံးရှုံးကာ အမှတ် မရခဲ့ပေ။ **ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး**

သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

အပူရှိန်ပြင်းထန်မှုကြောင့် လူကြီးများသာမက ကလေးများပါ အဖျားကြီး၍ သေဆုံးသည့် ဖြစ်စဉ်များရှိလာ

ရန်ကုန် မေ ၂၀

ယခုနှစ် နွေရာသီတွင် အပူရှိန်ပြင်းထန်မှုကြောင့် လူကြီးများသာမက ကလေးများပါ အဖျားကြီး၍ သေဆုံးသည့် ဖြစ်စဉ်များ ရှိလာကြောင်း လူမှုကူညီရေးအသင်းများထံမှ သိရသည်။

ရွှေဂုံရိပ်မွန် လူမှုကူညီရေးအသင်းက လူနာတစ်ဦးအား ဆေးရုံသို့ ကူညီပို့ဆောင်ပေးစဉ်။

အပူရှိန်ပြင်းထန်မှုကို အရွယ်သုံးပါးမရွေး ခံစားနေရပြီး သက်ကြီးပိုင်းများ ပိုအဖြစ်များရာမှ ယခုနောက်ပိုင်း ကလေးငယ်များတွင်ပါ အဖျားကြီးပြီး အောက်ဆီဂျင်ကျကာ အသက်ရှူကျပ်လာပြီးနောက် သေဆုံးမှုပါရှိလာကြောင်း ရွှေဂုံရိပ်မွန် လူမှုကူညီရေးအသင်းမှ သိရသည်။

"လူကြီးတွေသာမက အခုက ကလေးတွေပါ အဖြစ်များပါတယ်။ အပူလွန်တဲ့မြို့တွေဆိုရင် အဖြစ်များပါတယ်။ ကလေးတွေ အဖျားကြီးမယ်၊ တက်ပါမယ်၊ အောက်ဆီဂျင်ကျမယ်၊ အသက်ရှူကျပ်ပါတယ်။ ခန္ဓာကိုယ်ပြာနှမ်းလာပါတယ်။ ခံနိုင်ရည်နည်းလို့ပါ။ တချို့ဆိုမိဘကအိပ်နေတယ်ပဲထင်ထားတာ မနက်ကျတော့ သေနေပြီ။ ကြောက်ဖို့ ကောင်းပါတယ်။ အဓိကကတော့ အပူကြောင့်ဖြစ်ရတဲ့အကြောင်းရင်းပါ။ အချိန်မီသိဖို့ လိုပါတယ်"ဟု အထက်ပါအသင်းမှ တာဝန်ရှိသူက ပြောသည်။ အဆိုပါ ဖြစ်စဉ်များနည်းတူ မိမိအိမ်တွင် နေထိုင်ရင်း လေဝင်လေထွက် မကောင်းသည့်အတွက် အပူလွန်ကဲ၍ အသက်ရှူကျပ်ပြီး အပူရှိန်ပြင်းထန်မှု ဖြစ်စဉ်များလည်း ရှိကြောင်း လူမှုကူညီရေးအသင်းများ ထံမှ သိရသည်။

"အသင်းအကြံပေး ဆရာဝန်ဆီ အရေးပေါ် ဆောင်ရွက်ရမဲ့ အကြောင်းအရာတွေကို အကြံဉာဏ်တောင်းခံတော့ လေရရှိမယ့် ပြတင်းပေါက်နားသွား လေအဝရှူ၊ ဓာတ်ဆားရည် နှစ်ပုလင်းချက်ချင်းအရသောက်၊ နုဖူးပေါ် အဝတ်ရေစွတ်ပြီးတင်၊ ကိုယ်ပူမကျရင် ရေချိုး၊ သကြားလုံးငုံစသည်ဖြင့် အဆင့်ဆင့်မှာကြားသည့်အတိုင်း လိုက်လံဆောင်ရွက်ရာ ဓာတ်ဆားနှစ်ဘူးလည်း သောက်ပြီး အခြေအနေက ပြန်ကောင်းလာပါတယ်"ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် နေပူထဲသွားမှသာ မဟုတ်ဘဲ အရိပ်အောက်တွင် အလုပ်လုပ်နေကြသူများလည်း အပူရှိန်ပြင်းထန်မှု ဖြစ်တတ်၍ အရေးပေါ် အခြေအနေဖြစ်သည့် သတိလစ် အနေအထားဆိုလျှင် မဖြစ်မနေ ဆေးခန်း (သို့မဟုတ်) ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်၍ ဆေးကုသမှု ခံယူခြင်းသည်သာ အကောင်းဆုံးဖြစ်ပြီး အချိန်မီ ပို့ဆောင်၍ ဆေးကုသမှု မခံယူပါက အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်းလည်း ဆိုသည်။

MT

ယခုနှစ် ဇန်နဝါရီလမှ မေလဝက်အထိ ကာလအတွင်း YBS ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၈ ဦးရှိ

ရန်ကုန် မေ ၂၀

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေ ၁၅ ရက်အထိ ကာလအတွင်း YBS ယာဉ်တိုက်မှု ၃၂ မှုရှိခဲ့ရာ သေဆုံးသူ ၁၈ ဦးရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယံယူ ပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ၏ စာရင်းများအရ သိရသည်။

အထက်ပါ ယာဉ်တိုက်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ ၃၇ ဦး လည်းရှိခဲ့ကာ ယာဉ်တိုက်မှုဖြစ်စဉ်များ အနက် လမ်းသွားလမ်းလာ/လမ်းဖြတ်ကူးစဉ် တိုက်မိသဖြင့် သေဆုံးသူ ခုနှစ်ဦး၊ ဒဏ်ရာရရှိသူ လေးဦး၊ ယာဉ်ပေါ်မှပြုတ်ကျ၍ သေဆုံးသူ နှစ်ဦး၊ စက်ဘီးနှင့် တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ သုံးဦး၊ သေဆုံးသူ လေးဦး၊ မော်တော်ဆိုင်ကယ်နှင့် တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ ငါးဦးနှင့် သေဆုံးသူနှစ်ဦး၊ Taxi နှင့် တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ တစ်ဦးနှင့် သေဆုံးသူနှစ်ဦး၊ ကိုယ်ပိုင်ယာဉ်နှင့် တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ ၁၅ ဦးနှင့် သေဆုံးသူ တစ်ဦး၊ ဓာတ်တိုင်နှင့် တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ ကိုးဦးရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်များ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ ပြေးဆွဲနိုင်ရေးတို့အတွက် စစ်ဆေးရေးအဖွဲ့ ရုစ်ဖွဲ့ဖြင့်လည်းကောင်း၊ ယာဉ်ကြောရှပ်ထွေးသည့် မှတ်တိုင် ၁၆ မှတ်တိုင်တွင် လည်းကောင်း ခရိုင် (၃)ခရိုင်အဖွဲ့ ပူးပေါင်းအဖွဲ့ဖြင့် နေ့စဉ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၅ ရက်အထိ စည်းကမ်းထိန်းရေးနှင့် စစ်ဆေးရေးဌာနမှ YBS ကုမ္ပဏီများ၏ လအလိုက် စည်းကမ်းဖောက်ဖျက်သည့် အမှုအရေအတွက်မှာ ၂၃၈၉၂ မှရှိခဲ့ကြောင်း YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

YRTC အနေဖြင့် ယာဉ်လိုင်းများအား စိစစ်အရေးယူရာတွင် ဇန်နဝါရီလမှ မေလအတွင်း မှတ်သားဖမ်းဆီးမှု ၂၂၄၁၇ မှု၊ သတ်မှတ်ကီလိုမီတာ ကျော်ကာမောင်းနှင်မှု ၄၅၃ မှု၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းနှင်မှု ၁၄၀၊ တိုင်ကြားမှု ၃၀၁ မှု၊ ယာဉ်တစ်စီးနှင့်တစ်စီး ယှဉ်ပြိုင်ကျော်တက်မောင်းနှင်မှု ၂၀၉ မှု၊ မီးနီဖြတ်မောင်းမှု ၁၄၃ မှု၊ မဆင်မခြင်မောင်းနှင်မှု ၉၁ မှု၊ အခြားအမှု ၉၉ ခု၊ ရပ်နားချိန်ကြာမြင့်မှု ၃၅ မှု၊ Facebook အမှု သုံးခုနှင့် မချေမင်ပြောဆိုမှု တစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

MT

နံရံဆေးရေးပန်းချီကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်ကပင် အရှေ့အလယ်ပိုင်းဒေသနှင့် အဆက်အသွယ်ရှိခဲ့သည်ကိုတွေ့ရဟုဆို

ရန်ကုန် မေ ၂၀

နံရံဆေးရေးပန်းချီကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်ကပင် အရှေ့အလယ်ပိုင်းဒေသနှင့် အဆက်အသွယ်ရှိခဲ့သည်ကို တွေ့မြင်ရကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

လက်ရှိတွင် ပုဂံခေတ်မှ ကြွင်းကျန်ရစ်သည့် ပုဂံဘုရား၊ စေတီ၊ ပုထိုး စုစုပေါင်းမှာ ၃၈၃၇ ဆု ဖြစ်ကာ နံရံပန်းချီရေးဆွဲခဲ့သည့် စေတီ၊ ပုထိုး အရေအတွက်မှာ ၄၁၆ဆုဖြစ်ကြောင်းလည်း သိရသည်။

"ပုဂံခေတ်မှာကတည်းက ပန်းချီပညာရပ်မှာ မြန်မာပြည်က ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးရှိခဲ့တာပါ။ ကျောက်မျက်မော် အနားလေးမှာရှိတဲ့ ဘုရားလေး တစ်ဆူသေးသေးလေး၊ ဂူဘုရားလေးထဲမှာမှ သူရဲ့ နံရံပန်းချီက တကယ့်ကို Middle East တကယ့် အာရပ်တွေ ပုံစံတွေ၊ အာရပ်တွေစီးတဲ့ သစ်ကုလားအုပ်တွေ၊ အာရပ်တွေမှာရှိခဲ့တဲ့ အပင်တွေ၊ ကောင်းတွေ အဲဒီလိုပုံစံမျိုးတွေ ရေးခဲ့တာ။ ဒီဟာကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်မှာလည်း တကယ့်ကို Middle East အထိကို Connection တွေရှိနေပြီပေါ့နော်။ ဒါကြောင့်မို့ ပုဂံခေတ်နံရံပန်းချီတွေကလည်း ကမ္ဘာ့ရဲ့ ပန်းချီပညာရပ်နဲ့ နည်းနည်းလေးမှ အဆင့်အတန်းမနိမ့်ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ ကျော်လောက်က မြန်မာပြည်က ပန်းချီပညာရပ်က သူရဲ့ creation နဲ့သူ တကယ့်ကို ကမ္ဘာအဆင့်မီအောင်ကို ဆွဲနိုင်ခဲ့တယ်" ဟု ဦးကျော်မျိုးဝင်းက ပြောသည်။

ပုဂံခေတ်က နံရံပန်းချီရေးဆွဲခဲ့သူများသည် ပူပြင်းသောနွေရာသီတွင် ဘုရားလိုဏ်ဂူများအတွင်း ရေးဆွဲခဲ့ကြလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်း၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

"ပူပြင်းလို့ စိုက်ပျိုးရေးရပ်နားချိန်၊ ဘုရားတွေအတွင်း နေအလင်းရောင်အပြည့်အဝရချိန်၊ ရာသီဥတုပူလို့ ဘုရားအတွင်း အပူရောင်ရင်း အလုပ်လည်းပြီးစီးတယ်။ ပန်းချီဆွဲမယ့် နံရံတွေရဲ့အောက်ခံအလွှာတွေ နွေရာသီအပူရှိန်ကြောင့် ခြောက်သွေ့ပြီး စိုထိုင်းဆနည်းနေလို့ ပန်းချီဆွဲရတာ အကောင်းဆုံးအချိန်လည်းဖြစ်မယ်"ဟု ၎င်းက ဆိုထားသည်။

ပုဂံခေတ် နံရံဆေးရေးပန်းချီရေးဆွဲကြသည့် ပညာရှင်များမှာ တစ်ဦးတစ်ယောက်စ နှစ်ယောက်စ မဟုတ် အဖွဲ့လိုက်၊ အစုလိုက် ဆောင်ရွက်ခဲ့ကြပုံ ရကြောင်းနှင့် အထူးသဖြင့် အဆိုပါပုဂ္ဂိုလ်များမှာ ပန်းချီဆွဲသည့် အတတ်ပညာပင်မဟုတ် ဗုဒ္ဓဝင် ဇာတိနိပါတ်များဖြင့်လည်း ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ် သိရှိကြသူများလည်းဖြစ်ပုံရကာ ၎င်းတို့၏နေ့ဘက်ကွယ်တွင် ဗုဒ္ဓစာပေကျမ်းဂန်များ တတ်ကျွမ်းသည့် ဆရာတော်မဟာရဲကြီးများကလည်း အနီးကပ် လမ်းညွှန်ခဲ့ကြပုံရကြောင်းလည်း ၎င်းက သုံးသပ်ထားသည်။

ထို့ပြင် နံရံပန်းချီရေးဆွဲရန်အတွက် အောက်ခံအလွှာကို အဆင်သင့်ပြင်ဆင်ပေးကြရသော ပန်းရံ ဆရာများကလည်း နံရံပန်းချီရေးဆွဲမည့်အောက်ခံ အလွှာများက နံရံပန်းချီရေးဆွဲသည့်အခါ အဆင်ပြေစေရန်အတွက် အသေးစိတ် ဖန်တီးပေးကြသူများ ဖြစ်သောကြောင့် နံရံပန်းချီတစ်ခုဖန်တီးရာ၌ အဆိုပါ ပညာရှင်များကလည်းအရေးပါခဲ့မည်ဖြစ်သည်ဟု ဆိုသည်။

MT

◆ *ကျောဖုံးမှ*

လေးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၃၄၀၉၅၅) ကို လည်းကောင်း၊ မေ ၁၈ ရက်တွင် မရမ်းချောင်အမြတ်မဲ စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Crazy စက်ဘီး အစီး ၁၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၁၄၀၉၅၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဟသံတခရိုင်တို့အတွင်း၌ အခြားသစ် ၈ ဒသမ ၄၇၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၂၃၀၄၁ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဓာတ်ဆားကျပ်ပေါင်းအတွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ကျောက်မဲမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Safety Helmet ဦးထုပ်အလုံး ၉၅၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၀၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တစ်ခါသုံးပလတ်စတစ်ဘူး ၅၅၅ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၉၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၃၉၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၀၃၂၉၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ငြိမ်းချမ်းရေးအတွက်စိတ်ခွန်အား၊ ငြိမ်းချမ်းရေးအတွက်အောင်နိမိတ် (ကဆုန်လပြည့်၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အထူး)

ဒေါက်တာမြတ်မိုး

❂ မြတ်စွာဘုရားထားခဲ့သော ဗုဒ္ဓတရားတော်များ၊ ထိုတရားတော်များကို ခေတ်အဆက်ဆက် မကျိုးမပေါက် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်နေသော သံဃာတော်များကြောင့် ဤကဆုန်လပြည့်နေ့သည် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ အဖြစ် ဖြစ်တည်လာခြင်းဖြစ်သည်။ ဘာသာတရားဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ရသည်ဟုဆိုရာတွင် ဗုဒ္ဓဘာသာကိုလည်း ငြိမ်းချမ်းရေး၏ ပြယုဂ်အဖြစ် ကမ္ဘာက ထည့်သွင်းခြင်းဖြစ်သည်ဟုမှတ်ယူ

ဤကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်အပေါင်း အထူးဂုဏ်ယူရမည့် နေ့တစ်နေ့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခံရသည့်နေ့လည်း ဖြစ်သည်။ ဗျာ ဖွား ပွင့် စံ ဤလေးတန် မှတ်ရန် ဗုဒ္ဓနေ့လည်း ဖြစ်နေသည်။

ဗျာ ဖွား ပွင့် စံ ဤလေးတန်

ထို့ကြောင့် ကျွန်တော်တို့ မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကုသိုလ်အကျိုးငှာ အလေးထား၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာရုံပြုကုသိုလ်တရားများကို ယခုထက်ပို၍ ပွားများအားထုတ်ကြစို့ဟူ၍ တိုက်တွန်းပါသည်။ နေ့ထူးနေ့မြတ်အခါသမယ ဖြစ်နေသောကြောင့် ဖြစ်သည်။ ဤနေ့မှာပင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ်ဇကေန် ဖြစ်လိမ့်မည်ဟူ၍ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် နိယတဗျာဒိတ်ခံယူတော်မူခဲ့သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၆၀၀ (ဘီစီ-၆၂၃) မဟာသက္ကရာဇ် ၆၈ ခုနှစ် ဤနေ့မှာပင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။

(ဘီစီ-၅၈၈) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဤကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်မှာပင် ဘုရားအလောင်းတော်သည် သမ္ဗဇျုတဉာဏ်တော်ကို ရရှိတော်မူပြီး ဘုရားပွင့်တော်မူခဲ့သည်။ (ဘီစီ-၅၄၃) မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ဝယ် အရှင်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရာနေ့ကား ဤကဆုန်လပြည့်နေ့ပင်ဖြစ်သည်။ ဗျာဒိတ်တော်ခံယူခြင်း ဘုရားအလောင်းတော် ဖွားမြင်ခြင်း၊ ဘုရားပွင့်ခြင်း၊ ပရိနိဗ္ဗာန်စံခြင်းတို့ဖြင့် ထူးခြားတိုက်ဆိုင်မှုမှာ ဗုဒ္ဓဘာသာဝင် အပေါင်းတို့အတွက် လေးနက်ပြည့်စုံမှုတစ်ခုပင်ဖြစ်ပါတော့သည်။

အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့တစ်နေ့ အဖြစ် ဖြစ်တည်ခဲ့

ထိုသို့ထူးခြားချက်အပေါင်းကို ပို၍ပြည့်စုံစေသည်မှာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ခံရခြင်းပင်ဖြစ်သည်။ ၁၉၉၉ ခုနှစ် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရဖြစ်သည်။ သက်တမ်းရှည်ကြာသော ဘာသာတရားတစ်ခုအပေါ် လေးစားဂုဏ်ပြု၍ အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်မှာ ဂုဏ်ယူစရာဖြစ်သည်။ အမမွေကို ဓမ္မက မေတ္တာစွမ်းအားဖြင့် အောင်နိုင်ခဲ့သည့် ဗုဒ္ဓမြတ်စွာဘုရားကို ဂုဏ်ပြုလို၍လည်း ဖြစ်သည်။

မြန်မာတို့၏ ယဉ်ကျေးမှု၊ အနေသုခုမ ပညာရပ်များသည် ဗုဒ္ဓတရားတော်များမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ ကာယစိတ္တ နှစ်ဖြာသောသုခကို ပေးစွမ်းသည်မှာလည်း ဤဗုဒ္ဓတရားတော်များပင်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးသည်မှာလည်း ဤတရားတော်များကသာ၊ ဘုရားဟောတတ်ထိုတရားမြတ်များကြောင့် ငါတို့ဗုဒ္ဓဘာသာကို ကမ္ဘာက ဤသို့ လေးလေးစားစား ဂုဏ်ပြုခြင်းဟု မှတ်ယူပါသည်။ ဤကဲ့သို့မှတ်ယူပြီး အသိအမှတ်ပြုခဲ့မှုကို ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အားလုံးကလည်း တန်ဖိုးထားလေးစားပြီး ဗုဒ္ဓ၏ အဆုံးအမများနှင့်အညီ နေထိုင်ကျင့်ကြံ အားထုတ်သင့်ကြပါသည်။

ဘာသာခြားများ ရောနှောရာ ကမ္ဘာ့မိသားစုများက ကျွန်တော်တို့ဗုဒ္ဓဘာသာကို တန်ဖိုးထားဆက်ဆံသည်နှင့်အညီ ကျွန်တော်တို့ကလည်း ကိုယ့်ဘာသာတရားကို တန်ဖိုးထားသင့်ကြသည်။ ဘုရားထားခဲ့သည့် တရားတော်များ အတိုင်း နေထိုင်ကျင့်ကြံပါမှ ဗုဒ္ဓဘာသာဝင်ကောင်း ဖြစ်ပါမည်။ ပညာဗုဒ္ဓဘာသာဝင်များဖြစ်မည်ဟု ဆိုချင်သည်။ ထို့ကြောင့် ကမ္ဘာက အသိအမှတ်ပြုခဲ့သလို မိမိတို့ဗုဒ္ဓဘာသာဝင်များကလည်း မူလပိုင်ဆိုင်ပြီး တရားမြတ်များကို လေးလေးနက်နက် မှတ်သားနာယူကာ လိုက်နာကျင့်ကြံစေချင်ပါသည်။

ငြိမ်းချမ်းခြင်းအကြောင်းတရားများ

ယနေ့ကမ္ဘာကြီးကား အရှုပ်အထွေးများနှင့်သာ ပြည့်နေသည်။ မြန်မာမှာလည်း မငြိမ်းချမ်း၊ ကမ္ဘာအနှံ့ စစ်ပွဲဂယက်တွေကြောင့် လုံခြုံစိတ်ချရမှုအားနည်းပြီး အထွေထွေ အကျပ်အတည်များနှင့်သာ ရင်ဆိုင်နေရသည်။ လက်ရှိအခြေအနေ အတိုင်းသာဆိုလျှင် ပိုပြီးရှုပ်ထွေးမှုများ နှင့်အတူ ပူပန်သောက၊ ဗျာပါဒများ ရင်ဝယ်ပိုက်ပြီး အပယ်ဆင်းရဲကျဖို့ရာ သာရှိသည်။ တစ်ဖက်ကလည်း လိုအပ်ချက် အားနည်းချက်တွေကို ရှုပ်ပိုင်းဆိုင်ရာ ဒေါက်တိုင်များနှင့်ချည်း ကူမ ဖေးမရုံနှင့်မပြီး စိတ်ပိုင်းဆိုင်ရာ အားဖြည့် ထောက်မမှုများဖြင့် စိတ်ဓာတ်များ ပြန်လည်မြင့်မားလာရန်ကလည်း အရေးကြီးသည်ဟု ယူဆသည်။

ခေတ်ကာလအခြေအနေများအရ လူတွေမှာ အစစအရာရာမပြည့်စုံကြ၊ တင်းတိမ် ရောင့်ရဲနိုင်စွမ်းတွေ နည်းလာသည်။ စိတ်မရှည်၊ သည်းခံစိတ်တွေ လျော့လာသည်။ ထိုအခါ တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှု၊ နားလည်ပေးနိုင်စွမ်း ကနည်းလာ အပြစ်သာမြင်ပြီး အကောင်း မမြင်ကြတော့။ အဆုံးမှာ အမှန်းသာပွား၊ တိုက်ကြခိုက်ကြ ထိုအခြေအနေများ ဖြစ်လာရသည်။ ပိုရှိ၊ ပိုတတ်သည့်သူများ ကျတော့လည်း ငါ့လောက်မရှိ၊ ငါ့လောက် မတတ် မာနတံခွန်က ပါလာသေး။ လိုဘမပြည့်သူများကျတော့ အားငယ် စိတ်ဓာတ်ကျ၊ ကြိုးစားသမျှ အရာမထင်တော့ ဒေါသကကြီးစိုးလာ။ လောဘ၊ ဒေါသ၊ မောဟများဖြင့်သာ အချိန်ကုန်ကြရတော့သည်။

မပြည့်စုံသည့်အပြင် တရားအသိနည်းသည့်အခါ မရှိသေးသည့်ကုသိုလ်ကို ရှိလာအောင်၊ ရှိပြီးကုသိုလ်ဆက်ပွားအောင်၊ မလုပ်သင့်သည့် အကုသိုလ် မလုပ်မိအောင်၊ လုပ်ပြီး အကုသိုလ် ပယ်ပျက်သွားအောင်လည်း အချိန်မပေးနိုင်ကြတော့ အားလည်းမစိုက်နိုင်ဖြစ်ကြကုန်သည်။ ကိုယ့်အတွက် မပြည့်စုံတော့ သူ့အကျိုးလည်း မလိုလားနိုင် မတွေ့လာလည်း ပျက်လာကြသည်။ ကိုယ့်ထက်ငယ်သူ၊ ကိုယ့်လောက်မရှိ သူပင်ဖြစ်လင့်ကစား သနားညှာတာ စိတ်ပါ နည်းလာသည့်အခါ ကရုဏာတရားလည်း ခေါင်းပါးလာတော့သည်။ မနာလိုမှုက များသည့်အခါ သူများကြီးပွားလည်း မမျော်နိုင်၊ ကံ ကံ၏အကျိုးကို မသိသည့်အခါ ချစ်ခြင်းမုန်းခြင်းဖြင့်သာ ပြီးနေကြတော့သည်။ ဤအခြင်းအရာများကား လက်ရှိဖြစ်ပျက်နေသော မငြိမ်းချမ်းခြင်း အခြေအနေများပင် ဖြစ်ပါသည်။

မြတ်စွာဘုရားထားခဲ့သော ဗုဒ္ဓတရားတော်များ၊ ထိုတရားတော်များကို ခေတ်အဆက်ဆက် မကျိုးမပေါက် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်နေသော သံဃာတော်များကြောင့် ဤကဆုန်လပြည့်နေ့သည် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အဖြစ် ဖြစ်တည်လာခြင်းဖြစ်သည်။ ဘာသာတရားဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ရသည်ဟုဆိုရာတွင် ဗုဒ္ဓဘာသာကိုလည်း ငြိမ်းချမ်းရေး၏ ပြယုဂ်အဖြစ် ကမ္ဘာက ထည့်သွင်းခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။

ဗုဒ္ဓတရားတော်များသည် အကုသိုလ်တရားဆိုးများကို အမှိုက်သရိုက်များ အဖြစ် ထင်ဟပ်စေပြီး မိမိတို့၏ အဒ္ဓတ္တ အတွင်းအမှိုက်တွေကို ဦးစွာရှင်းပစ်ဖို့ကို အဓိကဟောပြထားသည်။ မိမိမှာ ကိန်းနေသော အမှိုက်သရိုက်ကို မရှင်းနိုင်ဘဲနှင့် အပြင်ကအမှိုက်ကို ရှင်းဖို့ ဆိုသည်မှာ မဖြစ်နိုင်ပါ။ ထို့ပြင် အကုသိုလ်ကို ဖယ်ရှားရုံဖြင့်လည်းမပြီး ကုသိုလ်တရားများကိုလည်း သိမ်းဆည်းသိုမှီးဖို့ လမ်းညွှန်ထားပြန်သည်။ (ဤတွင် ဘယ်အရာက ကုသိုလ်၊ ဘယ်အရာက အကုသိုလ်၊ ကုသိုလ်စိတ် အကုသိုလ်စိတ်ကို ခွဲခွဲခြားခြားသိရန်ကို တိတိပပ ဟောကြားဖော်ပြထားသည်မှာ ဘာသာတရားတစ်ခု၏ အသက်ပင်ဖြစ်သည်ဟု မှတ်ယူလိုပါသည် ။)

မိမိစိတ်ကိုကြည်လင်နေအောင် ဦးစွာထားပါ

ဤသို့ဖြင့် မိမိတို့၏ အတွင်းစိတ်ညစ်နွမ်းသော စိတ်အမှိုက်များကို ဖယ်ရှားရှင်းလင်း ကြည့်ကြရအောင်ပါ။ ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံအမှုသုံးမျိုးကို ကျွန်တော်တို့ အားလုံး အိပ်ချိန်မှလွဲ၍ ပြုနေမိသည်သာ ဖြစ်သည်။ ထိုအမှုသုံးမျိုးတွင် ကာယကံ၊ ဝစီကံကို ငါးပါးသီလ ရှစ်ပါးသီလဖြင့် ရှောင်ရှားနိုင်သည်။ မနောကံကိုတော့ အာရုံတစ်ခုတည်းအပေါ်မှာ စူးစူးစိုက်စိုက်ရှု အားသန်သန်ထားသော သမာธิဖြင့် အားထုတ်ရှုမှတ်ခိုက်၌ ထိန်းထားနိုင်သည်။ သမာธิဖြင့် မိမိစိတ်တွေကို အာရုံမများ ဗျာပမများရအောင် တစ်နည်း အကုသိုလ်မဖြစ်အောင် ခေတ္တ ခဏထိန်းထားခြင်းဖြင့် စိတ်တွေကို ကြည်လင်လန်းဆန်း သန့်ရှင်းအောင် လုပ်နိုင်ပါသည်။ ထိုမိမိစိတ်စေတသိက် နာမ်တရား ရုပ်တရားတွေကိုပင် ဘာမှ မမြဲ ဘယ်အရာမှအစိုးမရ ဖြစ်ပြီး ပျက်သမျှ ဒုက္ခချည်းဟု လက္ခဏာရေးသုံးပါး အမှန်ထင်နိုင်လျှင်တော့ ပညာဉာဏ်ဖြစ်သွားပါပြီ။ ပညာအရာမှာသာလွန်သွားသောအချက်က ဤမှာတင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ အတွက်တော့ ကြိုးစားပြီး မိမိစိတ် မိမိငြိမ်းချမ်းအောင်လုပ်ဖို့ပဲ လိုတော့သည်။ ကမ္ဘာကြီးက ဤအချက်များကို သိရှိနားလည်၍ အသိအမှတ်ပြုထားခြင်းဖြစ်ပေရာ ဘုရားသာသနာနှင့် ကြုံခိုက် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဘက်က ပို၍ ကြိုးစားကြရုံသာ ရှိပါသည်။

မေတ္တာတရားဖြင့်ချမ်းသာခြင်း

မိမိကိုယ်တိုင်ငြိမ်းအေးအမှန်ဖြစ်မှ ဤအငြိမ်းဓာတ်ဖြင့် မိမိ မိသားစု၊ မိမိ ဆွေမျိုးဝန်းကျင် *စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

> **"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါးကား မိမိစိတ်ဝယ် ဖြူစင်ကြည်လင်အောင် လုပ်ပြီးသကာလ ပွားများကျင့်ကြံအားထုတ်အပ်သော မြင့်မြတ်သော ကုသိုလ်တရားများပင် ဖြစ်ပါသည်။ တစ်နည်း လက်တွေ့ကျပြီး အကြောင်းအကျိုး ဆက်စပ်သောတရားများလည်း ဖြစ်သည်။ မိမိအတွက်ကော လူ့အဖွဲ့အစည်း အားလုံးနှင့် ကမ္ဘာကြီးအတွက်ပါ ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိသော အကြမ်းဖက်မှုမပါသော ဌေဟွဝိဟာရတရား မြင့်မြတ်သော တရားများအဖြစ် ကမ္ဘာကြီးက မှတ်ယူထားသော တရားများလည်းဖြစ်"**

အဖွဲ့အစည်းတိုင်း နိုင်ငံမှသည် ကမ္ဘာကြီးအထိ ငြိမ်းအေးမှုကို ဖြန့်ကြက်နိုင်ပါမည်။ မိမိအတွင်းသဏ္ဌာန်မှာ ငြိမ်းချမ်းစိတ်လေး ခိုင်ခိုင်စိုက်နိုင်လျှင် မိမိမိတ်ဆွေအပေါင်းအသင်း ရန်သူပင် ဖြစ်လင့်ကစား တစ်လောကလုံးကို ဖြန့်ကြက်မေတ္တာပွားလို့ရပါပြီ။ **"ဘေးရန်ကင်းပါစေ" "စိတ်ဆင်းရဲခြင်းကင်းပါစေ" "ကိုယ်ဆင်းရဲခြင်းကင်းပါစေ" "ကျန်းမာချမ်းသာစွာ"** ဟူ၍ မိမိ၏သမာဓိစွမ်းအားဖြင့် မေတ္တာဖြန့်ကြက်ပွားများရခြင်း လောက်သော အရသာထူးကား မရှိတော့ပါ။ မျှဝေသောသဘောသည် သူတစ်ပါး အကျိုးကို လိုလားခြင်းမည်ပါသည်။ မေတ္တာပေးလျှင် မေတ္တာပြန်ရသည်။ သူများကို အမုန်းပေးလျှင် ကိုယ်လည်း အမုန်းပဲ ပြန်ရတတ်သည် မဟုတ်ပါလား။

ကိုယ့်ကြောင့် သူများချမ်းသာလျှင် ကိုယ်လည်းချမ်းသာဖြစ်မှာ မလွဲပါ။ မေတ္တာကြောင့် သူ့ဘက်က မိတ်ဆွေဖြစ်လာလျှင် ကိုယ့်ကို ရန်ပြုမည့်သူ ကိုယ့်ကိုဖျက်ဆီးမယ့်ဘေး ဝေးသွားပါလိမ့်မည်။ မိမိအတွက်ထက်ပင် သူတစ်ပါးအကျိုးကို လိုလိုလားလား ဆောင်ရွက်ပေးခြင်းသည် မေတ္တာ၏ အဓိပ္ပာယ်ဖြစ်ပြီး မေတ္တာသည် အားကြီးသော ကုသိုလ်တရားဟု သိရလျှင်ကို ငြိမ်းချမ်းရေးအတွက် အားဖြည့်မှုတစ်ခု ဖြစ်ပါပြီ။

ကရုဏာတရားဖြင့်ဆင်းရဲကင်းခြင်း

ငြိမ်းချမ်းမှုကို ဆောင်ယူရာတွင် မေတ္တာအပြင် ကရုဏာတရားလည်း အရေးကြီးပါသည်။ သူများတကာ ဆင်းရဲ ဒုက္ခကြီးစွာရောက်ရ ပညာ ကျန်းမာ လူမှုဘဝ အစစအရာရာ မပြည့်စုံ၊ သူတကာ၏သောကတွေ၊ အပူတွေသည် ကိုယ်သာဖြစ်ခဲ့လျှင်ကောဆိုသည့် အတွေးမျိုးကား ကရုဏာတရားဆိုသည့် ကုသိုလ်စိတ်ထား၊ ထားတတ်သူများတွင်သာ ရှိနိုင်ပါသည်။ လောလောဆယ် ကိုယ်က သူ့လောက်မခံစားရ၊ သူက ကိုယ့်ထက် ခံစားနေရခြင်းသည် အတိတ်ဘဝ အဆက်ဆက်က ထူထောင်ခဲ့သော ကံ၊ ကံ၏အကျိုးဆက်များလည်း ပါသည်ဟု ယုံကြည်ထားလျှင် ထိုသူများအပေါ် သနားကြင်နာစိတ်မထားဘဲ နေနိုင်တော့မည်မဟုတ်ပါ။

ထိုအခါ မိမိတို့ဘက်က ရုပ်ပိုင်း စိတ်ပိုင်းကူညီမှုများဖြင့် အထောက်အကူပြုဖြစ်သွားမှာ သေချာပါတော့သည်။ ဒုက္ခရောက်သူကိုကယ်တင်လျှင် ကိုယ်လည်း ဆင်းရဲဝေးပါသည်။ ဘေးဘယာလည်း ကင်းပါသည်။ ဤသည်လည်း မြတ်စွာဘုရား၏ အဆုံးအမ တစ်ခုဖြစ်ပြီး ဤကုသိုလ်တရားက ကိုယ့်ထက်နိမ့်ပါးသူတို့အတွက် မိမိဘက်က ထားရှိရမည့် လမ်းညွှန်ပြသည့် ဒုက္ခဆင်းရဲကင်းရာ ငြိမ်းချမ်းရေးလက်ဆောင် တစ်ခုပင်ဖြစ်ပါတော့သည်။

မုဒိတာ ဥပေက္ခာဖြင့် ငြိမ်းချမ်းခြင်းသဘော

မေတ္တာ၊ ကရုဏာထက် ထားရခက်သည့် တရားတစ်ခုကား မုဒိတာဖြစ်သည်။ သူများက ကိုယ့်ထက်သာသွားလျှင်၊ သူများကြီးပွားလျှင် မနာလိုမှုနှမ်းထား ငြူစူကာဖြင့် ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ခြင်းသည်လည်း အကုသိုလ်တစ်မျိုး ပင်ဖြစ်သည်။ ကိုယ့်ဘက်က မုဒိတာ မဖြစ်လျှင် သူကတော့ ဘာမှ မဖြစ်၊ ကိုယ်ကသာ မပျော်မရွှင်၊ ဝမ်းနည်းမဆုံးဖြင့် စိတ်ဝယ်မငြိမ်းချမ်း အကုသိုလ် ဖြစ်နေရသည်။ ဒါလည်း ကံ၊ ကံ၏ အကြောင်းအကျိုးကို ဆက်စပ်နိုင်ပြီး သူ့စည်းစိမ် သူ့ရာထူး မရွှေ့လျောပါစေ နှင့်ဟုထပ်ကာထပ်ကာ ပွားများပေးမှသာ ကုသိုလ်ဖြစ်ပြီး ငြိမ်းချမ်းသွားပါသည်။ ကံ၊ ကံ၏အကျိုးတရားကိုယုံကြည်ခြင်းဖြစ် ပျက်တရားသဘောကို ပညာဉာဏ်ဖြင့် ဆင်ခြင်နိုင်ခြင်းက နောက်ဆုံးအရေးကြီးသော ဥပေက္ခာတရားကို ဖြစ်ထွန်းစေပါသည်။ ထိုအခါ ကိုယ့်အကျိုးမလိုလားဘဲ လည်း မုန်းတာမဖြစ်၊ ကိုယ့်အကျိုး လိုလားလို့လည်း ပိုပြီးမချစ်တတ်၊ မချစ်မမုန်းအလယ်လမ်းမှာ လျှောက်တတ်သွားပြီး ဥပေက္ခာတရားကို ပိုင်ဆိုင်သွားနိုင်ပါသည်။ အလေ့အကျင့် လုပ်ကြည့်ခြင်းဖြင့် အဂတိတရားကင်းလာပြီး နောက်ဆုံးမှာ ငြိမ်းချမ်းခြင်းသို့ မလွဲဧကန် ရောက်ရှိလာပါမည်။

ဖော်ပြသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါးကား မိမိစိတ်ဝယ် ဖြူစင်ကြည်လင်အောင် လုပ်ပြီးသကာလ ပွားများကျင့်ကြံ အားထုတ်အပ်သော မြင့်မြတ်သော ကုသိုလ်တရားများပင် ဖြစ်ပါသည်။ တစ်နည်းလက်တွေ့ကျပြီး အကြောင်းအကျိုး ဆက်စပ်သောတရားများလည်း ဖြစ်သည်။ မိမိအတွက်ကော လူ့အဖွဲ့အစည်းအားလုံးနှင့် ကမ္ဘာကြီးအတွက်ပါ ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိသော အကြမ်းဖက်မှုမပါသော ဌေဟွဝိဟာရတရား မြင့်မြတ်သော တရားများ အဖြစ် ကမ္ဘာကြီးက မှတ်ယူထားသော တရားများလည်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ဤကဆုန်လ ပြည့် (ဗုဒ္ဓနေ့) ရောက်တိုင်း သမ္ဘည္ဇတ ဥာဏ်တော်ရရှိရာ ဘုရားရှင်ပွင့်တော်မူရာ ပရိဘောဂစေတီကို ရည်မှန်း၍ ဗောဓိ ညောင်ပင်ရင်းတွင် ရေသွန်းလောင်းကြရာမှာ မြန်မာနိုင်ငံသားများအတွက် ကမ္ဘာသူ ကမ္ဘာသားများအတွက် ငြိမ်းချမ်းရေး အတွက် အောင်နိမိတ်ယူပြီး ရည်မှန်းသွန်းလောင်းကြစေချင်ပါသည်။ သို့မှသာ ဤကုသိုလ်ထူးဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံး ပူပြင်းသောနွေအပူနှင့် အကျပ်အတည်းများအောက်မှာ ရွမ်းလျှမ္ဘတို့ ပပျောက်ပြီး ဟျော်ရွှင်လန်းဆန်းမှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။ အကုသိုလ်ကို ရှောင်နိုင်ပြီး ကုသိုလ်ကို ဆောင်နိုင်ကြကာ ဗုဒ္ဓ၏ ဓမ္မတရားများ ဖြင့်ငြိမ်းချမ်းရေးကို အောင်နိုင်ကြမည်ဟု ခံယူပါသည်။ တစ်ဦးတစ်ယောက်ချင်း စိတ်ဓာတ်တွေကောင်းနေပြီး ငြိမ်းချမ်းနေမှသာ အပြင်လောကကြီးလည်း ငြိမ်းချမ်းနေမှာဖြစ်သည်ဟု...

ဆုမွန်တောင်းလျက်ပါ။ ။

မြန်မာစာ မြန်မာစကား

ဝဂ်ဗျည်း (၂၅) လုံးတွင် မြန်မာမှုအရ **က၊ ခ၊ ဂ၊ ဃ၊ ဆ၊ ဍ၊ တ၊ ထ၊ နာ၊ ပ၊ ဖ၊ မ** ဟူသော ဗျည်း (၁၂)လုံးသာ **အနက်ရှိသော ဗျည်းများ** ဖြစ်ကြသည်။ ထို့ကြောင့် အဆိုပါဗျည်း (၁၂)လုံးကို အသုံးပြု၍ရေးလျှင် **အနက်စွဲရေးနည်း**ဟု ဆိုရမည်။

ဂ၊ ဃ၊ ဇ၊ ဈ၊ ဒ၊ ဓ၊ ဗ၊ ဘ ဟူသော ဗျည်း(၈)လုံးကား အနက်မရှိ အသံသာရှိသော ဗျည်းများဖြစ်ကြသည်။

အနက်စွဲ **ကာ၊ ခ** ကို အသံစွဲ **ဂ၊ ဃ** ဖြင့်လည်းကောင်း

အနက်စွဲ **စာ၊ ဆ** ကို အသံစွဲ **ဇ၊ ဈ** ဖြင့်လည်းကောင်း

အနက်စွဲ **တာ၊ ထ** ကို အသံစွဲ **ဒ၊ ဓ** ဖြင့်လည်းကောင်း

အနက်စွဲ **ပ၊ ဖ** ကို အသံစွဲ **ဗ၊ ဘ** ဖြင့်လည်းကောင်း

အသံစွဲဖလှယ်ရေးကြသည်။

သာဓက။ ။

- လည်သော၊ ကျင်သောအရာဖြစ်သဖြင့် အနက်ရှိသည့်အတိုင်း **ကျင်** ဟု ရေးရမည်ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဂျင်** ဟု အသံစွဲရေးခြင်း

- ကော်ရသောအရာဖြစ်၍ **ကော်**၊ **ကော်ပြား** ဟု အနက်ရှိသည့်အတိုင်း ရေးရမည်ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဂေါ်**၊ **ဂေါ်ပြား** ဟု အသံစွဲရေးခြင်း
- စွဲမြဲဟူသောအနက်ရှိသဖြင့် **စွဲ** ဟု ရေးရမည် ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဇွဲ** ဟု အသံစွဲရေးခြင်း
- အစေ့အဆန်ဟူသောအနက်ရှိသဖြင့် **စေ့**၊ **စိ** ဟု ရေးရမည်ဖြစ်သော်လည်း အသံထွက်သည့် အတိုင်း **ဇီ**(ဇီကုပ်၍ နတ်ပြည်တင်)ဟု အသံထွက်ရေးခြင်း
- မြင့်မြတ်သည်ဟူသော အနက်ရှိသဖြင့် **တော်** ဟု ရေးရမည်ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဒေါ်** ဟု အသံစွဲရေးခြင်း
- ရပ်တည်ရာ စုဝေးရာအနက်ရှိသဖြင့် **တိုင်** ဟု ရေးရမည် ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဒိုင်** ဟု အသံစွဲရေးခြင်း
- အသံစည်ပြောသည်ဟူသော အနက်ရှိသဖြင့် **ပြော**၊ **ပြောစည်** ဟု ရေးရမည် ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဗြော**၊ **ဗြောစည်** ဟု အသံစွဲရေးခြင်း
- ဘာမျှမရှိ ပြောင်လင်းပွင့်လင်းသောဟူသော အနက်ရှိသဖြင့် **ပြောင်** ဟု ရေးရမည်ဖြစ်သော်လည်း အသံထွက်သည့်အတိုင်း **ဗြောင်** ဟု အသံစွဲရေးခြင်း

စသည်ဖြင့် အသံစွဲရေးထုံးများစွာရှိပေသည်။

သို့ရာတွင် ရေးထုံးကို ထိန်းသိမ်းသင့်သည်ဖြစ်၍ အသံထွက်သည့်အတိုင်း (အသံစွဲ) မရေးဘဲ အနက်ရှိသည့်အတိုင်း (အနက်စွဲ) ရေးသားကြသည်များလည်း ရှိသည်။

သာဓက။ ။

- **ဂါး**ဟု အသံထွက်သော်လည်း **ကား** (ငါးလုပ်ငန်းသုံး) ဟုသာ ရေးခြင်း
- **ဂုပ်**၊ **ဂုပ်ဆက်** ဟု အသံထွက်သော်လည်း **ကုပ်**၊ **ကုပ်ဆက်** ဟုသာ ရေးခြင်း
- **ဂွကျ** သည်ဟု အသံထွက်သော်လည်း **ခွကျ** သည်ဟုသာ ရေးခြင်း
- **ဂွေ** ဟု အသံထွက်သော်လည်း **ခွေ** ဟုသာ ရေးခြင်း
- **ဇံရွေး** သည်ဟု အသံထွက်သော်လည်း **စံရွေး** သည် ဟုသာ ရေးခြင်း
- **ဇီးသီး** ဟု အသံထွက်သော်လည်း **ဆီးသီး** ဟုသာ ရေးခြင်း
- **ဒို့** ဟု အသံထွက်သော်လည်း **တို့** ဟုသာ ရေးခြင်း
- **ဒုတ်** ဟု အသံထွက်သော်လည်း **တုတ်** ဟုသာ ရေးခြင်း
- **ဒေါင့်** ဟု အသံထွက်သော်လည်း **ထောင့်** ဟုသာ ရေးခြင်း
- **ဗောင်းလန်** ဟု အသံထွက်သော်လည်း **ပေါင်းလန်** ဟုသာ ရေးခြင်း
- **ဗြုန်းမြေ** ဟု အသံထွက်သော်လည်း **ဖြုန်းမြေ** ဟုသာ ရေးခြင်း

စသည်တို့ ဖြစ်ပါသည်။

အချုပ်ဆိုသော်

မည်သို့ပင် အသံထွက်စေကာမူ အနက်ရှိသည့်အတိုင်း အနက်ရှိသော စကားလုံးဖြင့်ရေးလျှင် အနက်စွဲရေးခြင်း၊ အနက်ရှိ အနက်စွဲ အက္ခရာကို အသံထွက်သည့်အတိုင်း ပြောင်းရေးလျှင် အသံစွဲရေးခြင်းဟု မှတ်ယူရန် ဖြစ်ပါသည်။

မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်အတွင်းရှိ စာသင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်နိုင်ရန် ကြည့်ရှုစစ်ဆေး

မော်လမြိုင် မေ ၂၀

မွန်ပြည်နယ်အတွင်း အခြေခံပညာ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်ရေးအတွက် လိုအပ်သည့် ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ပြုပြင်ဆောင်ရွက်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် မေ ၁၉ ရက်က ချောင်းဆုံမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းများရှိ စာသင်ကျောင်းဆောင်များကို ပြန်လည်ပြုပြင်ပေးနိုင်ရေးအတွက် လုည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ်သည် ထန်းပင်ကုန်းကျေးရွာ စာသင်ကျောင်း၌ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် တွေ့ဆုံ၍ ပျက်စီးယိုယွင်းနေသော စာသင်ကျောင်းဆောင်ရှိ အမိုး၊ အကာများကို ကျောင်းဖွင့်ချိန် မတိုင်မီ အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေး၊ စာသင်ခုံများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် ကွမ်တကဲကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး စာသင်ကျောင်းဆောင်များ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ကြစေရန် ပိုင်းဝန်းဆောင်ရွက်ပေးရေး မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာသင်ကျောင်းဆောင်ကြမ်းခင်းများ ပြန်လည်ပြုပြင်နိုင်ရေး၊ စာသင်ခုံ စာသင်စားပွဲများနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကွမ်တကဲကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စည်သူ(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

သာပေါင်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၀ ရက်က ဆီဆုံကျေးရွာအုပ်စုမှ စတင်ထုတ်ချေးပေးသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ က ပထမဆုံးချေးငွေထုတ်ချေးသည့် တောင်သူများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးဘဏ်ခွဲ တိုင်းဒေသကြီး မန်နေဂျာဦးအေးသိန်းက ချေးငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဦးဇင်မင်းသိုက်က တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်း၊ တစ်နှစ် ၅ ရာခိုင်နှုန်းအတိုးဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ယခင်နှစ်ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ပြီးသည့် တောင်သူများအား ဦးစားပေးထုတ်ချေးပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ဆီဆုံကျေးရွာအုပ်စုရှိ တောင်သူ ၁၀၀ ၏ စိုက်ပျိုးဧက ၆၄၂ ဧကအတွက် ငွေကျပ် ၉၆၃ သိန်းကို တောင်သူ များလက်ဝယ်သို့ ထုတ်ချေးပေးသည်။ **(အောက်ပုံ)**

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို မေလမှ စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ယခင်နှစ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့်လည်း ကြွေးကျန်များ ပေးဆပ်ပြီးပါက ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဇော်သိန်း(ပြန်/ဆက်)

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရန်ကုန် မေ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်ယဉ်ကျေးလိမ္မာသင်တန်း အမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်(၂၁) ရပ်ကွက် တိုင်တစ်ရာအရှေ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်/မြို့နယ် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သည်။ ယင်းနောက် သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၈၉ ဦးအား သင်ရိုးညွှန်းတမ်း စာအုပ်၊ ဘောပင်၊ ဗလာစာအုပ်နှင့် သင်တန်းစလွယ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြံခင်းမြို့နယ် မိုးစပါးစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများစတင်ထုတ်ချေး

ကြံခင်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရာသီတွင် လုပ်ငန်းခွင်အဆင်ပြေစေရေးအတွက် ယနေ့နံနက် ၉ နာရီက အဆိုပါရုံးတွင် ကြံခင်းမြို့နယ် ရွှေတောင်စုရပ်ကွက်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မြို့နယ်မန်နေဂျာ ဒေါ်လွင်လွင်ဦးက စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့် တာဝန်ရှိသူများက ရွှေတောင်စုရပ်ကွက်ရှိ တောင်သူ ၂၄ ဦး၏ လယ်မြေ ၁၁၅ ဧက အတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၇၂၅၀၀၀ ကို စတင်ထုတ်ချေးပေးသည်။

ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးချေးငွေများကို စက်တင်ဘာ ၃၀ ရက်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ရာ ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ မိုးစပါးစိုက်တောင်သူ ၅၆၀၀ ၏ လယ်ဧက ၃၂၀၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၄၈၀၀၀ ထုတ်ချေးပေးရန် လျာထားကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဇော်ဂျီနှင့် ကင်းတားဆည်ရေသောက်ဧရိယာများတွင် ဆီထွက်သီးနှံ နွေနှမ်း ၆၄၇၀၉ ဧကစိုက်ပျိုးပြီးစီး မိုးရွာသွန်းမှုကြောင့် စိုက်ခင်းများ ပျက်စီးမှုမရှိစေရန် ကြိုတင်စီမံဆောင်ရွက်

ကျောက်ဆည် မေ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြစ်သားနှင့် စဉ်ကိုင်မြို့နယ်တို့ အတွင်းရှိ ဇော်ဂျီနှင့် ကင်းတားဆည်ရေသောက် ဧရိယာများတွင် ဆီထွက်သီးနှံ နွေနှမ်းစိုက်ခင်းများကို စိုက်ပျိုးရေးပေးဝေလျက်ရှိရာ ယခုအခါ နွေနှမ်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံနိုင်ခဲ့ရေး ဦးစီးဌာနအနေဖြင့် ဆည်ရေသောက် ဧရိယာများအတွင်း နွေနှမ်းရာသီ စိုက်ပျိုးရေရရှိရေးအတွက် ရေအသုံးချသူ တောင်သူအဖွဲ့(WUG) များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ယခုမိုးကြိုကာလတွင်လည်း မုန်တိုင်းမိုးကြောင့် နွေနှမ်းခင်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် နွေနှမ်းစိုက်ခင်းများအတွင်း စိမ့်မြောင်း၊ ပတ်မြောင်းများ တူးဖော်ခြင်းနှင့် အဓိကရေနုတ်မြောင်းများ ရေစီးရေလာစီးဆင်းမှု ကောင်းမွန်စေရေးတို့အတွက် သက်ဆိုင်ရာ ရေအသုံးချ တောင်သူအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျောက်ဆည် ခရိုင်အတွင်း ဆီထွက်သီးနှံ နွေနှမ်း ၅၉၃၄၂ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ၆၄၇၀၉ ဧကကို ကြေပက်စနစ်၊ တန်းစိုက်စနစ်နှင့် ပေါင်ကြီးတင်စနစ်တို့ဖြင့် စိုက်ပျိုးခဲ့ပြီးဖြစ်သည့် အတွက် မူလလျာထားချက်ထက် ၅၃၆၇ ဧကကို တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ ယခုကဲ့သို့ ရေနုတ်မြောင်းများ ကြိုတင်ပြင်ဆင်တူးဖော်ခြင်းဖြင့် နွေနှမ်းခင်းများ အတွင်း မိုးရေဝင်ရောက် နစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် ရေထုတ်နုတ်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်သဖြင့် နွေနှမ်းပန်းတိုင် အထွက်နှုန်းရရှိစေရန် များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

မောင်မွေး

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် အီရန်သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ ကွယ်လွန်သွားကြောင်း နိုင်ငံပိုင်မီဒီယာဖော်ပြ


ရဟတ်ယာဉ်ပျက်ကျသည့်နေရာ၌ အပျက်အစီးများကို တွေ့ရစဉ်။

တိဟီရန် မေ ၂၀

အီရန်သမ္မတ အီဘရာဟင်ရိုင်စီနှင့် နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမီယာ အဘ္ဒဒူလာဟီရန်တို့ ရဟတ်ယာဉ်ပျက်ကျမှုအတွင်း ကွယ်လွန်သွားခဲ့ကြောင်း အစိုးရပိုင် အိုင်အာရ်အိုင်ဘီ တီဗွီသတင်းက မေ ၂၀ ရက်တွင် ဖော်ပြသည်။

အီရန်နိုင်ငံမြောက်ပိုင်း အရှေ့အဇာဘိုင်ဂျန် ပြည်နယ်တွင် မေ ၁၉ ရက်က မြူများထူထပ်စွာ ကျရောက်ခဲ့ပြီးနောက် အဆိုပါရဟတ်ယာဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ အီရန်သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးအပါအဝင် ရဟတ်ယာဉ်ပေါ်ပါသူ အားလုံးသေဆုံးခဲ့ကြောင်း အီရန်အစိုးရပိုင် မီဒီယာကဖော်ပြသည်။

သမ္မတရိုင်စီနှင့် အဖွဲ့ဝင်များသည် အဇာဘိုင်ဂျန်နယ်စပ်အနီးရှိ ရေကာတာစီမံကိန်းဖွင့်ပွဲတက်ရောက်ပြီးနောက် ရေနံနှင့်ဓာတုဗေဒဆိုင်ရာ စက်ရုံဖွင့်ပွဲအတွက် ပြည်နယ်မြို့တော် တာဘာရစ်ဇ်သို့ သွားရောက်စဉ် အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပျက်ကျပြီးနောက် ကယ်ဆယ်ရေးသမားများသည် ပင်လယ်ရေမျက်နှာပြင်အထက်မီတာ ၂၅၀၀ ကျော်မြင့်သော တောင်တန်းဒေသတွင် ညလုံးပေါက် ရှာဖွေခဲ့ရပြီး ပြင်းထန်သော အအေးဓာတ်နှင့် ဆီးနှင်းများကြောင့် ဆိုးရွားသော ရာသီဥတုဒဏ်ကို ရင်ဆိုင်ခဲ့ရသည်။

သမ္မတရိုင်စီ ရဟတ်ယာဉ်ပျက်ကျသေဆုံးပြီးနောက် မေ ၂၀ ရက်တွင် အီရန်နိုင်ငံ၏ ဒုတိယသမ္မတ(၁) မိုဟာမက်မွတ်ခ်ဘာကို ယာယီသမ္မတအဖြစ် အီရန်နိုင်ငံခေါင်းဆောင် အလီခါမေနီက ခန့်အပ်လိုက်သည်။ ယာယီသမ္မတသည် လွတ်တော်ဥက္ကဋ္ဌနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ ပူးပေါင်း၍ ရက်ပေါင်း ၅၀ အတွင်း သမ္မတသစ်ရွေးကောက်ပွဲ ကျင်းပနိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်း ခါမေနီက အလေးပေးပြောကြားသည်။ **ဆင်ဟွာ၊ အင်နိ်အိတ်ချ်ကေ**

ဖခင်ကျန်းမာရေးအခြေအနေကြောင့် ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား၏ ဂျပန်ခရီးစဉ်အား ရွှေ့ဆိုင်း

တိုကျို မေ ၂၀

ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆဲလ်မန်၏ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်ကို ၎င်း၏ဖခင် ကျန်းမာရေး အခြေအနေကြောင့် ရွှေ့ဆိုင်း လိုက်ကြောင်း ဂျပန်အစိုးရက ပြောသည်။

ဘုရင်ဆဲလ်မန် ဘင်အဗ္ဒဒူ လာဇစ်၏ ကျန်းမာရေးအခြေ အနေကြောင့် အိမ်ရှေ့မင်းသား၏ ခရီးစဉ်ကို ရွှေ့ဆိုင်းဖွယ်ရှိမှုနှင့် ပတ်သက်ပြီး ဆော်ဒီအာရေဗျနိုင်ငံက မေ ၁၉ ရက်ည နှောင်းပိုင်းတွင် ဂျပန်အစိုးရသို့ အသိပေးအကြောင်းကြားကြောင်း အစိုးရ အဖွဲ့အတွင်းဝန် ဟာယာရှိ ယိုရှိမာဆာက မေ ၂၀ ရက်တွင် သတင်းထောက်များအား ပြောသည်။

အိမ်ရှေ့မင်းသားသည် မေ ၂၀ ရက်တွင် ဂျပန်နိုင်ငံသို့ လေးရက်ကြာခရီးစဉ် သွားရောက်ရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ အဆိုပါ ခရီးစဉ်အတွင်း ဂျပန် ဧကရာဇ် နာရူဟီတို့၊ ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါတို့နှင့် တွေ့ဆုံသွား

ဖွယ် ရှိနေသည်။

ဆော်ဒီအာရေဗျနှင့် ဂျပန် နိုင်ငံတို့သည် ခရီးစဉ်အသစ် အတွက် ညှိနှိုင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောသည်။ **အင်နိ်အိတ်ချ်ကေ**

ရာသီဥတုဆိုးရွားမှုကြောင့် သီရိလင်္ကာနိုင်ငံသား ၁၀၀၀၀ ကျော် ထိခိုက်

ကိုလံဘို မေ ၂၀

မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် လူပေါင်း ၁၀၀၀၀ ကျော် ထိခိုက်ခဲ့ကြောင်း သီရိလင်္ကာ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဌာန ဒုတိယညွှန်ကြားရေးမှူး သူစီသာ ဝေဒရာသိန်က မေ ၂၀ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် မေ ၂၀ ရက် နံနက်ပိုင်း အထိ မိသားစု ၃၅၁၈ စုမှ လူ ၁၀၂၉၉ ဦး ထိခိုက်ခဲ့မှုနှင့်အတူ အနုရာဒါပူရခရိုင်မှ လူနှစ်ဦး ဒဏ်ရာရခဲ့ပြီး နေအိမ်သုံးလုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ ကြောင်း ၎င်းက ထပ်မံပြောကြား သည်။

အနောက်တောင် မုတ်သုံးလေ စတင်ဝင်ရောက်မှုကြောင့် မိုး သည်းထန်စွာရွာသွန်းပြီး လေပြင်း တိုက်ခတ်မှု အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေကာ တစ်ချိန် တည်းတွင် ယခုသီတင်းပတ် အတွင်း ခရိုင်အများအပြား၌ မိုးရေ ချိန် ၁၀၀ မီလီမီတာအထက် မိုးသည်းထန်စွာ ရွာသွန်းဖွယ်ရှိ ကြောင်း သီရိလင်္ကာမိုးလေဝသ ဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

လက်ဘန္တန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်၊ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ဘေရွတ် မေ ၂၀

လက်ဘန္တန်နိုင်ငံ တောင်ပိုင်းမှ ကျေးရွာတစ်ရွာရှိ နေအိမ်တစ်လုံးကို မေ ၁၉ ရက်တွင် အစ္စရေးက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ရာ ဟစ်ဇီဘိုလာအဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း လက်ဘန္တန် စစ်ဘက် အရင်းအမြစ်များက ဆင်ဟွာသို့ ပြောသည်။

အစ္စရေး စစ်ဘက်လေယာဉ် တစ်စင်းက နှစ်ထပ်အိမ်တစ်လုံးကို ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည် လေးစင်းဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ နေအိမ်ပျက်စီးဆုံးရှုံးပြီး ထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း သိရသည်။

ဟစ်ဇီဘိုလာ တို့ကလည်း ၎င်းတို့၏ တိုက်လေယာဉ်များက အစ္စရေးနေရာဒေသအများ အပြားကို တိုက်ခိုက်ခဲ့ပြီး ထိခိုက် သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ပြော သည်။

ဆင်ဟွာ

လာအိုနိုင်ငံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှစ်စဉ် လူ ၆၇၀၀ သေဆုံး

ဗီယင်ကျန်း မေ ၂၀

လာအိုနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုနှင့်ဆက်စပ်ပြီး နှစ်စဉ် လူပေါင်း ၆၇၀၀ သေဆုံးနေကြောင်း လာအိုနိုင်ငံကျန်းမာရေးဝန်ကြီး ဌာနမှ ထုတ်ပြန်သည်။

လာအိုနိုင်ငံတွင် ဆေးလိပ်နှင့်ဆက်စပ်သော ရောဂါများကြောင့် တစ်ရက်လျှင် လူ ၁၈ ဦးခန့် သေဆုံးနေပြီး တစ်နှစ်လျှင် လူ ၆၇၀၀ နှင့် ညီမျှကြောင်း၊ ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးမှုနှုန်းသည် လာအိုနိုင်ငံတွင် မှတ်တမ်းတင်ထားသော သေဆုံးမှုအားလုံး၏ ၁၅ ရာခိုင်နှုန်းရှိကြောင်း ဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးနှင့် ပညာရေးစင်တာမှ ထုတ်ပြန်ချက်ကိုကိုးကား၍ လာအိုကျန်းမာရေး ဝန်ကြီး ဘောင်ဖန် ဖွန်မယ်လေစစ်သ က မေ ၂၀ ရက်တွင် ပြောကြား သည်။

ဆေးလိပ်သောက်သုံးသူမှ အနီးနားရှိ လူများသို့ တစ်ဆင့်ခံမီးခိုးငွေ့ များကို ရှူရှိုက်မိခြင်းသည် အပြင်းအထန်နာမကျန်းဖြစ်ခြင်း၊ မသန်စွမ်းမှုနှင့် ဆောလျင်စွာသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းများထဲတွင် ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။ ထို့ကြောင့် ဆေးရွက်ကြီးခွန် တိုးမြှင့်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြော်ငြာများအား တားမြစ်ခြင်း၊ လုပ်ငန်းခွင်နှင့် အများပြည်သူပိုင်နေရာများတွင် ဆေးလိပ်ငွေ့ ကင်းစင်ရေးလုပ်ဆောင်ခြင်းနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှု မပြုရန် အသိပညာပေးခြင်းစသည့် ထိရောက်သော ဆေးရွက်ကြီး ထိန်းချုပ်မှုအစီအမံများ ချမှတ်ခြင်းအားဖြင့် ဆေးလိပ်ကြောင့် သေဆုံးမှု များကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဂြိုဟ်တုလေးစင်း တရုတ်လွှတ်တင်

ထိုက်ယွမ် မေ ၂၀

တရုတ်နိုင်ငံသည် လောင်းမာ့ချ် - ၂ ဒီ သယ်ဆောင်ရေးဒုံးပျံဖြင့် ဂြိုဟ်တုလေးစင်းကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ မေ ၂၀ ရက်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

ဂြိုဟ်တုများကို နိုင်ငံမြောက်ပိုင်း ရှန်းရီးပြည်နယ်ရှိ ထိုက်ယွမ် ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပေကျင်း စံတော်ချိန် နံနက် ၁၁ နာရီ ၆ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂြိုဟ်တုလွှတ်တင်မှု သည် လောင်းမာ့ချ်သယ်ဆောင်ရေးဒုံးပျံများ၏ ၅၂၃ ကြိမ်မြောက် ပျံသန်းရေးခရီးစဉ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ကျောက်ဆည်ဒေသထွက် စိန်တစ်လုံးသရက် ဈေးကောင်းရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး နှစ်ရှည်သီးနှံဖြစ်သော သရက်သီးနှံကို ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ သရက်စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နယ်မြေဒေသနှင့် ကိုက်ညီမှုရှိပြီး အရည်အသွေး ကောင်းမွန်သော မျိုးများကိုသာ ရွေးချယ်စိုက်ပျိုးလျက်ရှိရာ တောင်သူအများစုမှာ စိန်တစ်လုံးသရက်နှင့် ရွှေဟာသ်ာ သရက်မျိုးများကိုသာ အဓိကထား၍ အများဆုံး စိုက်ပျိုးလာကြကြောင်း သိရသည်။

သရက်စိုက်ပျိုးရာတွင် ယခင်ကအစေ့ပျိုးပင်များကိုသာစိုက်ပျိုးကြပြီး ထိုသို့စိုက်ပျိုးခြင်းသည် အသီးသီးရန် ၆-၈ နှစ်ခန့်ကြာမြင့်သောကြောင့် ယခုအချိန်တွင် သရက်စိုက် တောင်သူများသည် ခေတ်သစ်နည်းစနစ်ဖြင့် ကိုင်းကူးပျိုးပင်များကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ယင်းစိုက်ပျိုးနည်းမှာ သုံးနှစ်ခန့်အကြာတွင် အသီးသီးခြင်း၊ သရက်သီးများ အလုံးလှ၍ ဈေးကောင်းရရှိခြင်း၊ သီးနှံပျက်စီးမှုနည်းပါးပြီး ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် ကိုင်းကူးပျိုးပင်များကိုသာ အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ကုန်ကျစရိတ် အနေဖြင့် တစ်ဧကလျှင် ဆေးဖျန်းခြင်း၊ မြေဩဇာကျွေးခြင်း၊ သွင်းအားစု၊ အိတ်စွပ်ခ၊ အသီးခူးဆွတ်ခ၊ လုပ်သားခ အပါအဝင် စုစုပေါင်းခုနစ်သိန်း-ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် စိုက်ပျိုးပြီး အပင်သက်တမ်းပေါ်မူတည်၍ အပင်သက်တမ်းသုံးနှစ်သားအရွယ် တစ်ပင်လျှင် သရက်သီးအရေအတွက် အလုံး ၃၀၀ခန့် ထွက်ရှိကြောင်းသိရသည်။

ယခုအချိန်တွင် စိန်တစ်လုံးသရက်သီးများ စတင်ထွက်ရှိပြီး ယခင်နှစ်ထက် အထွက်နှုန်းနည်းသော်လည်း ဈေးကွက်တွင် ဈေးကောင်း ရရှိသောကြောင့် သရက်သီး စတင်ထွက်ပေါ်ချိန်တွင် ပြည်ပဈေးကွက်ထက် ပြည်တွင်း ဈေးကွက်ကိုသာ ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)

ဆိပ်ဖြူ၌ ကြက်သွန်နီ တစ်ရက် ပိဿာနှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူဈေးကွက်သို့ မေလ ဒုတိယပတ်တွင် နွေကြက်သွန်နီ (ပင်စိုက်) အသစ်များ တစ်ရက်လျှင် ပျမ်းမျှ ကုန်ချိန် ပိဿာ နှစ်သောင်းခန့် ဝင်ရောက်၍ အရောင်းအဝယ်

ဖြစ်လျက်ရှိကြောင်း၊ ဒေသတွင်းကြက်သွန်နီ အများဆုံးစိုက်ပျိုးသော ဆိပ်ဖြူမြို့ပေါ်ရှိ ရွာသစ်ရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်များနှင့် ကိုးတောင့်အုပ်ရွာ၊ လိပ်ခြံရွာ၊ ရွာသစ်ကြီးရွာ၊ ကပိုင်ရွာ၊ ကံတွင်းရွာ၊ ချင်တောင်ရွာ၊ အောက်ဆိပ်ရွာ၊ ကျောင်းရွာ၊ ကုန်းရွာများနှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများမှ တစ်ပတ်အတွင်း ကုန်ချိန် ပိဿာ တစ်သိန်းခွဲခန့် ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

မေလ ဒုတိယပတ်တွင် တစ်ပတ်အတွင်း ရန်ကုန် ဘုရင့်နောင်ပွဲရုံ၊ ပြည်၊ ပုသိမ်မြို့များနှင့် မြဝတီ၊ မော်လမြိုင်မြို့များမှ တစ်ဆင့် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့သို့ စုစုပေါင်းကုန်ချိန် ပိဿာ နှစ်သိန်းခန့်၊ တန်ချိန်အားဖြင့် ၃၂၇ တန်ခန့် တင်ပို့အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

မုံရွာမြို့နယ် ကွမ်းရွက်ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းရွက်ကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန် အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းရွက်ကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့် အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းရွက်ဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဧပြီလ နောက်ဆုံးပတ်တွင် ကွမ်းရွက်တစ်ပိသာလျှင် ငွေကျပ် ၅၀၀၀-၆၀၀၀ ဖြင့်လည်းကောင်း၊ မေလ ပထမပတ်တွင် ငွေကျပ် ၉၀၀၀-၁၁၀၀၀ ဖြင့်လည်းကောင်း၊ မေလ ဒုတိယပတ်တွင် ငွေကျပ် ၁၀၀၀၀-၁၃၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)

ပွင့်ဖြူမြို့နယ်၌ နွေနှမ်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထား

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ စပါး၊ ပဲ၊ နှမ်း၊ နေကြာ၊ မြေပဲနှင့် ဥယျာဉ်ခြံသီးနှံများကို စိုက်ပျိုးကြပြီး ဆီထွက်သီးနှံအနေဖြင့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို အဓိကထား စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်၌ နွေနှမ်းစိုက်ဧကအနေဖြင့် ၂၇၁၉၃ ဧကကျော် စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် နွေနှမ်းကို ဧပြီလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး မျိုးအနေဖြင့် အပူဒဏ်ခံနိုင်သော နှမ်းမျိုးများဖြစ်သည့် နှမ်းနက် (ဆင်းရတနာ-၃)၊ နှမ်းဖြူ (ဆင်းရတနာ-၄)၊ နှမ်းနီ (ဆင်းရတနာ-၅) စသည့်မျိုးများကို ထွန်ယက်၍ ရေတင်ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ နွေနှမ်းများကို ရက်တိုရက်ရှည်မျိုးအပေါ် မူတည်၍ ဇွန်လကုန်နှင့် ဇူလိုင်လ ပထမပတ်တွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ ရေတင်ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုနှစ် နွေနှမ်းစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေကို စောစီးစွာရရှိသည့် အတွက် နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ လက်ရှိအချိန်တွင် နွေနှမ်းများ ထွက်ပေါ်ခြင်းမရှိသေးသော်လည်း သီးနှံထွက်ပေါ်ချိန်၌ အထွက်နှုန်းကောင်းမွန်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

DOCA (မကွေး)

၂၀-၅-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)			ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ငစိန်	ပေါ်ဆန်း	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်နီဖြူ (ရှမ်းစ)	ကြက်သွန်နီဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲ၀ါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၁	မြစ်ကြီးနား	၃၃၀၀		၇၀၀၀	၁၇၀၀၀	-	၁၅၀၀၀	၃၅၀၀	၁၈၀၀၀	၁၁၀၀၀	၆၅၀၀	၁၀၀၀၀	၁၀၀၀	၉၀၀၀	၈၀၀၀	၅၀၀၀	၂၅၀၀	၅၀၀၀	၁၆၀၀၀	၂၂၀၀	၂၀၀၀	၂၆၀၀	၁၅၀၀
၂	လားရှိုး	၃၈၀၀		၈၀၀၀	၁၇၀၀၀	၆၃၀၀	၁၆၀၀	၃၅၀၀	၁၂၀၀	၁၂၀၀	၈၀၀	၁၂၀၀	၁၀၀	၈၀၀	၇၅၀	၅၀၀	၃၀၀	၅၀၀	၁၄၀၀	၂၂၀	၂၃၀	၃၀၀	၁၈၀
၃	ကျိုင်းတုံ	၄၂၀		၇၅၀	၁၆၅၀	၇၅၀	၁၇၅၀	၄၀၀	၁၁၀	၁၂၀	၆၀	၆၅၀	၁၄၀	၁၀၀	၈၀	၇၀	၃၅၀	၅၅၀	၁၃၀	၂၀	၂၄		၁၅
၄	တောင်ကြီး	၃၆၀	၃၄၀	၆၉၅	၁၆၅၀	၅၈၀	၁၇၀	၃၀၀	၉၅	၃၃	၆၅	၈၀	၆၀	၁၀	၇	၅၅	၂၅	၅၃	၁၄	၂၀	၁၈	၂	၁၆
၅	ဘားအံ	၃၈၀		၅၈၀	၁၅၅၀	၅၉၀	၁၀၀	၃၀	၃၃	၁၅	၆	၁၂	၈	၈	၆	၅	၃	၃	၁	၁	၁	၁	၀
၆	မော်လမြိုင်	၃၅၀		၅၃	၁၆	၅	၉	၃	၁	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၇	ထားဝယ်	၄		၇	၁	၆	၁	၃	၁	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၈	မြိတ်	၄		၆	၁	၆	၁	၃	၁	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၉	ရန်ကုန်	၄		၅	၁	၅	၁	၃	၁	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၀	ပုသိမ်	၃		၅	၁	၅	၁	၃	၁	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၁	ဟားခါး	၇		၈	၁	-	၄	၆	၂			၄	၁		၁		၆	၆	၂	၂	၂		၂
၁၂	မုံရွာ	၃	၃	၆	၁	၆	၁	၂	၃	၁	၁	၄	၈	၇	၇	၅	၄	၄	၉	၁	၁	၁	၁
၁၃	မန္တလေး	၄		၇	၁	၆	၁	၃	၁	၁	၀	၀	၈	၆	၅	၆	၆	၄	၅	၁	၁	၂	၁
၁၄	ပခုက္ကူ	၄		၆	၁	၅	၁	၃	၁	၁	၀	၉	၇	၇	၇	၅	၅	၅	၁	၁	၁	၁	၉
၁၅	မကွေး	၃		၇	၁	၆	၉	၂	၁	၁	၀	၆	၇	၆	၆	၃	၂	၅	၁	၁	၁	၁	၁
၁၆	ပြည်	၃		၆	၁	၅	၁	၃	၁	၁		၀	၆	၇	၆	၃	၂	၆	၁	၁	၁	၂	၁
၁၇	ပဲခူး	၃		၅	၁	၅	၁	၃	၁	၁	၆	၉	၄	၇	၆	၃	၂	၅	၁	၁	၁	၂	၀
၁၈	ပျဉ်းမနား	၃		၆	၁	၅	၁	၃	၁	၁	၀	၆	၅	၇	၆	၅	၂	၅	၁	၁	၁	၂	၀
၁၉	နေပြည်တော်	၃		၆	၁	၅	၁	၃	၁	၁	၀	၀	၅	၇	၆	၅	၂	၅	၁	၁	၁	၂	၀
၂၀	ကလေး	၃	၃		၁	၉	၂	၃	၁	၁	၆	၉	၁	၉	၈	၄	၃	၄	၁	၂	၂		၁

ဆီဆိုင်မြို့၌ လမ်းမီးများ ပြန်လည်ရရှိ

ဆီဆိုင် မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဒေသလုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းမီးများ ပြန်လည်ထွန်းလင်းနေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ဆီဆိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း

ကြိုးဆက်ခြင်းလုပ်ငန်းများနှင့် ထရန်စဖော်မာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြို့ပေါ်ရှိ လမ်းများတွင် လျှပ်စစ်မီးပြန်လည်ထွန်းလင်းနေပြီဖြစ်သည်။ ယင်းနောက် ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များ၊ရှိ နေအိမ်များအား လျှပ်စီးမီးဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမင်း(ဆီဆိုင်)

ခရမ်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

ခရမ်း မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းမှ တောင်သူများအတွက် ၂၀၂၄ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့ နံနက် ၈ နာရီမှစ၍ ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

ခရမ်းမြို့နယ်၌ မိုးစပါး စိုက်ပျိုးရန် စီမံကိန်းဧက ၁၁၀၆၃၉ ဧကရှိရာ ခရမ်းမြို့နယ် ဘဏ်ခွဲ

အနေဖြင့် မိုးစပါး စိုက်ပျိုးဧက ၄၄၀၀၀ ကို တစ်ဧကလျှင် မိုးစပါးချေးငွေ ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ကျပ်သိန်းပေါင်း ၆၆၀၀၀ ထုတ်ချေးပေးရန် လျာထားကြောင်းနှင့် ယခင်နှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ အပြေအကျေ ပေဆပ်ပြီးသည့် တောင်သူများကို ဦးစားပေးအစဉ်အတိုင်း ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ ချေးငွေများကို စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် ခရမ်းမြို့နယ် ကရင်စုမှ တောင်သူ ၅၅ ဦး၏ ဧက ၂၈၀ အတွက် ငွေကျပ်သိန်း ၄၂၀ ကို စတင်ထုတ်ချေးပေးခဲ့ကြောင်း ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

ခရမ်းမြို့နယ်တွင် ကျေးရွာအုပ်စု ၅၃ အုပ်စုမှ မိုးစပါး စီမံကိန်းစိုက်ဧက ၁၁၀၆၃၉ ဧကမှ တောင်သူ လယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ယမန်နှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ အကျေဆပ်ပြီးသည့် တောင်သူလယ်သမားများကို နေ့စဉ် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၄ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	[illegible]	[illegible]
95 Ron	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံ ၁၀၀ ကျော်ကို နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း မဟုတ်မမှန်သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိ

နေပြည်တော် မေ ၂၀

နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံ ၁၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မေ ၁၇ ရက်တွင် ရေစကြိုမြို့နယ်အတွင်းရှိ ဧီးတော၊ ကျောက်ထပ်၊ သဲတော စသည့်ကျေးရွာ ဝန်းကျင်သို့ PDF အမည်ခံ အကြမ်းဖက်သမားအချို့ ရောက်ရှိခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိ ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာရှိ လူနေအိမ်အချို့ မီးလောင်ကျွမ်းခဲ့ရကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်သေနတ်အချို့နှင့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့များနှင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဂုဏ်သိက္ခာကျဆင်းစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများကို လုပ်ကြံရေးသား၍ လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဖော်ပြနေခြင်းများသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မိုင်းယန်း မေ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့မစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် တင့်ငွေထွန်းနှင့်အဖွဲ့သည် မေ ၂၀ ရက် ညနေ ၅ နာရီခွဲခန့်က သတင်းအရ ဟော်ကန်ရပ်ကွက်ရှိ ဦးအားထူး၏ တောင် ယာတဲအတွင်း ရှာဖွေရာ ဦးအားထူးထံမှ ပန်းရောင်စိတ်ကြွရှူးသွပ် ဆေးပြား ရှစ်ပြားနှင့် အနီးရှိ ကွပ်ပျစ်ပေါ်မှ ဘူးအတွင်း ထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် စုစုပေါင်း ၄ ဒသမ ၁၀ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဦးအားထူးကို မိုင်းယန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကျင်းပမည်

ကိုဌေး(ကနောင်)

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အမျိုးသား မီတာ(၁၀၀ x ၄) လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

"ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများစွာ သုံးစွဲဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပရခြင်း၏ ယှဉ်ပြိုင်သည့်ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန်နှင့် အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲတိုင်း ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သင့်လှပေသည်"

မြန်မာ့အားကစားလောက ရေရှည်တိုးတက်အောင်မြင်လိုပါက အဖြတမ်းလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ "လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရေး စီမံဆောင်ရွက်ရမည်"၊ "လူငယ်/လူရွယ်မျိုးဆက်သစ်များ အမြောက်အမြား တစုတဝေးတည်းရှိနေသည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် အားကစားနှင့် ပညာရေးထိထိမိမိ ပေါင်းစပ်နိုင်ရေး စီမံဆောင်ရွက်ရမည်"၊ "အားကစားနည်းအလိုက် ထူးချွန်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်စေရေးအတွက် နယ်ပယ်ဒေသ ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပြုလုပ်ရမည်"၊ "အားကစားပြိုင်ပွဲမျိုးစုံကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အားကစားကွင်း/အားကစားရုံများနှင့် အားကစား အထောက်အကူပစ္စည်းများ ပြည့်စုံစွာ ဖန်တီးပေးရမည်"၊ "ကျင်းပသည့် ပြိုင်ပွဲများသို့ အဆင့်မီမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဆင့်ဆင့်သောပြိုင်ပွဲများ ပြုလုပ်ပြီး လူရွေးချယ်ခြင်း၊ အဆင့်မီနည်းပြများဖြင့် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုအထိ ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်ခြင်းများ ပြုလုပ်ပြီးမှသာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်"၊ "ကျင်းပမည့်ပြိုင်ပွဲတိုင်း ပြိုင်ပွဲအဆင့်အတန်းမြင့်မားပြီး ပြိုင်ဆိုင်မှုပြင်းထန်အောင် တာဝန်ရှိသူများက ကြီးကြပ်စီမံဆောင်ရွက်ရမည်"၊ "ခေတ်နှင့်အညီ တိုးတက်လာသည့် အားကစားသိပ္ပံနှင့် အားကစားလေ့ကျင့်ရေး သဘောတရားများအား မျက်ခြည်မပြတ် လိုက်ပါဆောင်ရွက်နိုင်ရမည်"၊ "အားကစားနည်းအလိုက် အရည်အသွေး ပြည့်မီသည့် နည်းပြများ၊ ဒိုင်/ဂျူရီများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများအထိ ထိုးဖောက်တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ရမည်"၊ "သက်တမ်းအလိုက်ပြိုင်ပွဲများမှ ပေါ်ထွက်လာသည့် အားကစားနည်းအလိုက် ထူးချွန်မျိုးဆက်သစ်များကိုသာ အားကစားသိပ္ပံများနှင့် အားကစားအကယ်ဒမီကျောင်းများတွင် ကျွမ်းလျစ်သိပ်သည်းသောအင်အားဖြင့် ရေရှည်စခန်းသွင်းလေ့ကျင့်ပြုစုပျိုးထောင်ရမည်"၊ "အားကစား အသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ရမည်" ဖြစ်ပါသည်။

အထက်ပါလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ပြည့်ပြည့်၀ဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်က နိုင်မာသည့် မူဝါဒများ ချမှတ်ပေးရေးနှင့် လုံလောက်သည့် ဘတ်ဂျက်ရန်ပုံငွေများ ဖြည့်ဆည်းပေးရေးသည်လည်း လွန်စွာအရေးပါလှပါသည်။

အားကစား လှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံး ကျန်းမာကြွရှိခိုင်ရေးကို များစွာအထောက်အကူပြုနေသည့်အပြင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်၍လည်း အားကစားနှင့် လူငယ်ရေးရာ၀န်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြွခိုင်ရေးနှင့် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးအတွက် နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစားစုပေါင်းလှုပ်ရှားမှုများနှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည့်အပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့လည်း စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိပါသည်။

ယခုအခါ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးပြီးလျှင် အကြီးမားဆုံးပြိုင်ပွဲတစ်ခုအဖြစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် နိုင်ငံသားတစ်ယောက်အနေဖြင့် သော်လည်းကောင်း၊ အားကစား၀ါသနာရှင် တစ်ယောက်အနေဖြင့် သော်လည်းကောင်း မြန်မာ့အားကစားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် မျိုးဆက်သစ်များပေါ်ထွက်ရေး ရည်ရွယ်ကျင်းပသည့် ပြိုင်ပွဲကြီးကို ဝမ်းမြောက်စွာ ကြိုဆိုမိပါသည်။

အောင်မြင်မှုမြင့်မားခဲ့သည့် မြန်မာ့အားကစား

မြန်မာ့အားကစား သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၉၆၀ ပြည့်လွန်နှစ်များမှသည် ၁၉၇၀ ပြည့်လွန်နှစ်များအထိ အရှေ့တောင်အာရှ အဆင့်တွင် ထိပ်တန်းက ရပ်တည်နိုင်ခဲ့ပြီး အာရှ အဆင့်သို့ ထိုးဖောက်၊ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည့် သာဓကများရှိခဲ့ပါသည်။ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) များတွင် အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဥ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများတွင် နိုင်ငံအလိုက် အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ၁၉၆၅၊ ၁၉۷၀၊ ၁၉۷၁၊ ၁၉۷၃ ခုနှစ်များတွင် ကျင်းပခဲ့သည့် ကျွန်းဆွယ်အားကစားပြိုင်ပွဲများ၌ မြန်မာဘောလုံးအသင်းအနေဖြင့် ငါးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။

ၦင်းအပြင် အဆိုပါကာလများအတွင်း ၁၉၆၄၊ ၁၉۷၀၊ ၁၉۷၃ ခုနှစ်များတွင် ကျင်းပခဲ့သည့် ဒေသတွင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများဖြစ်သည့် မာဒေးကားချန်ပီယံ သုံးကြိမ်၊ ၁၉۷၁၊ ၁၉۷၂ ခုနှစ်များတွင် ပတ်ချိုဟီးဖလားချန်ပီယံ သုံးကြိမ်၊ ၁၉۷၁၊ ၁၉۷၂၊ ၁၉۷၄ ခုနှစ်များတွင် ဂျာကာတာဖလားချန်ပီယံ လေးကြိမ်၊ ၁၉۷၇၊ ၁၉۷၈၊ ၁၉۷၉ ခုနှစ်များတွင် မာရာဟာလင်ဖလားချန်ပီယံ သုံးကြိမ်၊ ၁၉၆၁၊ ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၆၊ ၁၉၆၈၊ ၁၉၆၉၊ ၁၉۷၀၊ ၁၉۷၇ ခုနှစ်များတွင် အာရှလူငယ် ချန်ပီယံ ရှစ်ကြိမ်ဖြစ်ခဲ့သည်။ ၁၉၆၆ ခုနှစ်နှင့် ၁၉۷၀ ပြည့်နှစ်များတွင် ကျင်းပခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ဘောလုံးအသင်းအနေဖြင့် နှစ်ကြိမ်ဆက်တိုက် အာရှချန်ပီယံဖြစ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် အာရှချန်ပီယံ နှစ်ကြိမ်ဆက်တိုက် ရရှိခဲ့သည့် နိုင်ငံအဖြစ်လည်း မှတ်တမ်း၀င်ခဲ့သည်။ ၁۷၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် မြူးနစ်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဖလားကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်။

ပြေးခုန်ပစ်အားကစားနည်း၏ အောင်မြင်မှုအကျဉ်းချုပ်အားဖြင့် ဖော်ပြရလျှင် ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် ပြိုင်ပွဲမှစ၍ ကျင်းပပြီးစီးခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ပြေးခုန်ပစ် အားကစားနည်းတစ်ခုတည်းမှ ရွှေတံဆိပ် ၁၇၆ ခု၊ ငွေတံဆိပ် ၁၈၃ ခု၊ ကြေးတံဆိပ် ၁၄၄ ခု စုစုပေါင်း ဆုတံဆိပ် ၅၀၃ ခုအထိ ရယူပေးနိုင်ခဲ့ပါသည်။ နိုင်ငံအတွက် ရွှေတံဆိပ်များစွာ ရယူပေးနိုင်ခဲ့သည့် အားကစားသမားများစွာရှိသည့်အနက် အားကစားသမားအချို့အား ကောက်နုတ်ဖော်ပြရလျှင် ဒေါ်ဂျနီဖာတင်လေး တစ်ဦးတည်းက သံလုံး၊ သံပြား၊ ဘော်လီဘော အားကစားနည်းများဖြင့် ရွှေတံဆိပ် ၁၅ ခု၊ ဒေါ်ခင်ခင်ထွေးတစ်ဦးတည်းက မီတာ(၈၀၀/၁၅၀၀/၃၀၀၀/၅၀၀၀/၁၀၀၀/၁၀၀၀၀) ပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၂ ခု၊ ဂျင်မီကရင်တန် တစ်ဦးတည်းက မီတာ(၈၀၀/၁၅၀၀/၅၀၀၀)ပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၂ ခု၊ ဒေါ်သန်းသန်း တစ်ဦးတည်းက မီတာ(၂၀၀/၄၀၀/၈၀၀)နှင့် လက်ဆင့်ကမ်းပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၂ ခု၊ ဒေါ်မာမာမင်းတစ်ဦးတည်းက

စာမျက်နှာ ၁၇ သို့

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်မှ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲနှင့် ဓားအတိုက်ပြိုင်ပွဲများတွင် ပါ၀င်ယှဉ်ပြိုင်ကြသူများ။

စာမျက်နှာ ၁၆ မှ

မီတာ(၈၀၀/၁၅၀၀/၃၀၀၀/ ၁၀၀၀၀) မာရသွန်ပြိုင်ပွဲများနှင့် မီတာ(၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲများမှ ရွှေတံဆိပ် ကိုးခု၊ ဦးသန့်ဇင်က ရွှေတံဆိပ်ခြောက်ခု၊ ရှင်ဌေဂန်းနှင့် ဦးကိုကိုတို့က ရွှေတံဆိပ်ငါးခု၏၊ မခင်ပု၊ ဦးအောင်သန်း၊ ဒေါ်အေးရွှေ၊ ဦးမောင်လှ၊ ဦးခင်ဗိုး၊ ဒေါ်နုနုရီတို့က ရွှေတံဆိပ်လေးခု၏၊ အာဖူး၊ စန်းစန်းအေး၊ နိုင်လင်းချစ်၊ ထွန်းတင်၊ မကျင်လွမ်တို့က ရွှေတံဆိပ်သုံးခု၏ ရယူပေးနိုင်ခဲ့ကြပြီး ကျန်အားကစားသမားများကလည်း နိုင်ငံတော်အတွက် ရွှေတံဆိပ်များစွာ ရယူပေးနိုင်ခဲ့ကြပါသည်။

အလားတူ မြန်မာဘော်လီဘောအမျိုးသားအသင်းအနေဖြင့်လည်း ၁၉၆၁၊ ၁၉၆၉၊ ၁၉၇၅၊ ၁၉၇၇၊ ၁၉၈၃၊ ၁၉၈၉ ခုနှစ်များတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်ခြောက်ခု ရယူပေးနိုင်ခဲ့ပါသည်။

ယင်းအပြင် လက်ဝှေ့အားကစားနည်းအနေဖြင့်လည်း ပထမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ အောင်ထွန်း၊ စတန်လေမဂျစ်၊ လှရွှေ၊ လှညွှန့်၊ ရဲတင့်၊ မောင်ညွှန့်၊ တင်မောင်၊ ခင်မောင်ဝင်း၊ ကျော်ရင်း၊ နီနီ၊ တင်ထွန်း၊ ဒေါ်လာ၊ ဝင်းမောင်၊ မောင်သိန်း၊ သိန်းလွင်၊ ကြူဟန်၊ သက်ဦးလေး၊ စန်းမြင့်၊ ဟာရာခမ်း၊ အောင်မြင့်၊ ညိုဝင်း၊ ဇော်လတ်တို့က နိုင်ငံတော်အတွက် ရွှေတံဆိပ် ၂၅ ခုနှင့် ငွေ၊ ကြေး ဆုတံဆိပ်များရယူပေးနိုင်ခဲ့သည့် မှတ်တမ်းများလည်း အခိုင်အမာရှိခဲ့ပါသည်။

ဤသည်ကား မြန်မာ့အားကစား ရွှေခေတ်ကာလအောင်မြင်မှုများအနက်မှ တစ်စိတ်တစ်ဒေသကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ မြန်မာ့အားကစားအောင်မြင်မှုမြင့်မားခဲ့သည့် အဆိုပါကာလများအတွင်း အားကစားဝန်ကြီးဌာနဟူ၍ သီးခြားဖွဲ့စည်း ဆောင်ရွက်နိုင်ခြင်း မရှိစေကာမူ ပြည်သူလူထုတစ်ရပ်လုံး၏ အားပေးဆောင်ရွက်မှုများဖြင့် လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ပေါ်ပေါက်လာသော အသီးအပွင့်များဖြစ်ပါသည်။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသား အားကစားပွဲတော်များ၏ ဦးတည်ချက်များ

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အစိုးရအဆက်ဆက် အမျိုးသား အားကစားပွဲတော်များကို ကျင်းပခဲ့ကြပါသည်။ ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များအား မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်ဟူသောရည်မှန်းချက်ကို အမျိုးသားရေးလှုပ်ရှားမှုဖြင့် ဆောင်ရွက်ရန်၊ အားကစားဖြင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟု ခံယူတတ်လာစေရန်၊ အားကစားဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ် ဇာတိသွေး ဇာတိမာန် ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန်၊ ထူးချွန်ထက်မြက်သော အားကစားမျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာ့အဆင့်အထိ တက်လှမ်းလာစေရန်၊ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားစေရေးအတွက် တစ်နိုင်ငံလုံးက ပါဝင်လှုပ်ရှားပြီး တက်ကြွစွာ အားပေးချီးမြှောက်မှုများ ပြုလုပ်လာစေရန်၊ ခေတ်မီတိုးတက်သော အားကစားနည်းစနစ်များဖြင့် လေ့ကျင့်ပျိုးထောင်ထားသော အားကစားထူးချွန်သူများ ပေါ်ထွန်းရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသည့် ထူးချွန်သော အားကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ်ပြင်းထန်လာစေရန် စသည့် ဦးတည်ချက်(၇)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ထည့်သွင်းကျင်းပခဲ့သည့် အားကစားနည်းများ နှင့် ပါဝင်ယှဉ်ပြိုင်သည့် အင်အား

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဗျာနချုပ်များ၊ တက္ကသိုလ်(အထက်/အောက်မြန်မာပြည်)အဆင့်၊ တိုင်းနှင့် ပြည်နယ် အခြေခံကျောင်းသားအဆင့်ဟူသော အဆင့်သုံးဆင့်ခွဲကာ အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၇၂ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၀၁၉၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့၌ ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့် ဟူ၍ နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၄ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀၊ ပြိုင်ပွဲဝင်အားကစားသမား ၈၇၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားအားကစားပွဲတော်ကြီး ပြန်လည်ကျင်းပပေးခြင်းသည် အားကစားလောကအတွက် ဝမ်းမြောက်စွာကြိုဆိုရမည် ဖြစ်သော်လည်း ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများအနေဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့် စသည့် အဆင့်ဆင့်သော်ပြိုင်ပွဲများပြုလုပ်ပြီး မျိုးဆက်သစ်များအား အခြေခံကျကျ ရွေးချယ်မှသာ အားကစားနည်းအလိုက် မျိုးဆက်သစ်အမြောက်အမြား ပေါ်ထွက်လာမည်ဖြစ်သည့်အတွက် အလေးထား ဆောင်ရွက်ကြစေလိုပါသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့၌ ဝန်ကြီးဌာနများ အဆင့်၊ တိုင်းနှင့် ပြည်နယ်၊ တက္ကသိုလ်များ(အထက်/အောက်)ဟူ၍ အဆင့် နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်း ၅၅ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၁၃၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉۹۷ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့၌ ဝန်ကြီးဌာနများ အဆင့်၊ တိုင်းနှင့် ပြည်နယ်၊ တက္ကသိုလ်များ(အထက်/အောက်)ဟူ၍ အဆင့် နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်းလေးမျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင် အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ ရည်ရွယ်ချက်များ

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အား နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြင့် ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူ့တစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစား လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထည့်သွင်းကျင်းပမည့် အားကစားနည်းများ

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားနည်း ခြောက်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပမည် ဖြစ်ပြီး ပါဝင်မည့် အားကစားနည်းများမှာ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင်(အမျိုးသား/အမျိုးသမီး)၊ ဘိလိယက်/စန္ဒကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/အမျိုးသမီး)၊ ခရစ်ကတ် (အမျိုးသား)၊ ဘောလုံး(အမျိုးသား/အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား/အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို(အမျိုးသား/အမျိုးသမီး)၊ ကရာတေ (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)၊ ရေကူး(အမျိုးသား/အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို(အမျိုးသား/အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး(အမျိုးသား/အမျိုးသမီး)၊ မြန်မာ့သိုင်း(အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/အမျိုးသမီး)၊ အလေးမ (အမျိုးသား/အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/အမျိုးသမီး) ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည်

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် သက်ဆိုင်ရာကဏ္ဍ အလိုက် အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရေး အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအပြင် အားကစားသမားစိစစ်ရေးနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီ၊ မျိုးဆက်သစ်အားကစား သမားများရွေးချယ်ရေးကော်မတီ၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၊ ကျန်းမာရေး ကော်မတီ၊ လုံခြုံရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ခုံသမာဓိကော်မတီနှင့် စာရင်းစစ်ဆေးရေးကော်မတီတို့ကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများ အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြရန်လို

အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်၍ ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ တာဝန်ရှိသူများ အနေဖြင့် ပြိုင်ပွဲတိုင်းတွင် အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဆင့်ဆင့်သော်ပြိုင်ပွဲများပြုလုပ်ပြီး စနစ်တကျ လူရွေးချယ်ခြင်း၊ စနစ်တကျ ကြိုတင်ပြင်ဆင် စဖွဲ့လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် လိုအပ်ပါသည်။ ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုအသင်းအဖွဲ့များအနေဖြင့် ပြိုင်ပွဲတိုင်း အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြရန် လိုအပ်သကဲ့သို့ အားကစားနည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာယှဉ်ပြိုင်ကြရန်လည်း အထူးလိုအပ်လှပေသည်။

ပြိုင်ပွဲကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်ဖြင့် ကျင်းပခြင်းဖြစ်သလို ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း နိုင်ငံတော်ဘတ်ဂျက် ရန်ပုံငွေများစွာ သုံးစွဲ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပရခြင်း၏ ယှဉ်ပြိုင်သည့်ရည်ရွယ်ချက် ပေါက်မြောက် အောင်မြင်စေရန်နှင့် အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲတိုင်း ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သင့်လှပေသည်။

အားကစားလောကအတွက် အကျိုးရှိမည့် ပွဲတော်ကြီးဖြစ်စေလို

နိုင်ငံတော်အနေဖြင့် အမျိုးသားအားကစားပွဲတော်ကြီး ပြန်လည်ကျင်းပပေးခြင်းသည် အားကစားလောကအတွက် ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်သော်လည်း ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများအနေဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့် စသည့် အဆင့်ဆင့်သော်ပြိုင်ပွဲများပြုလုပ်ပြီး မျိုးဆက်သစ်များအား အခြေခံကျကျ ရွေးချယ်မှသာ အားကစားနည်းအလိုက် မျိုးဆက်သစ်အမြောက်အမြား ပေါ်ထွက်လာမည်ဖြစ်သည့်အတွက် အလေးထား ဆောင်ရွက်ကြစေလိုပါသည်။ အားကစားသမားများစိစစ်ရေးနှင့် ပြိုင်ပွဲများ ကျင်းပရေးကော်မတီအနေဖြင့်လည်း သက်တမ်းသတ်မှတ်ထားသည့် အားကစားနည်းများအတွက် သက်တမ်းမှန်ကန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်မည့်အစီအမံများကိုလည်း ကြိုတင်စဉ်းစား စီမံဆောင်ရွက်သင့်ပါသည်။ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးကော်မတီအနေဖြင့်လည်း အားကစားနည်းအလိုက် ထူးချွန်သူများ မကျန်ရှိစေရေးအတွက် ရွေးချယ်မည့်အစီအမံများ ပြင်ဆင်ဆောင်ရွက်ထားရန်လည်း လိုအပ်ပါသည်။ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပြီးပါက ၂၀၂၅ ခုနှစ်အတွင်းကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအား အထောက်အကူပြုနိုင်မည့် အရည်အသွေးမီ အားကစားသမားများနှင့် အားကစားလောကအတွက် ရေရည်အသုံးပြုနိုင်မည့် အားကစားနည်းအလိုက် ထူးချွန်သည့် မျိုးဆက်သစ်များ အများအပြားပေါ်ထွက်လာမှသာ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရကျိုးနပ်မည်ကို သတိပြုစေလိုပါသည်။

ပြိုင်တူတွန်းလှည့် ရွေ့နိုင်ပါသည်

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံဂုဏ်ဆောင်အားကစားသမားများ အား ထိုက်ထိုက်တန်တန် အားပေးဂုဏ်ပြုချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း နိုင်ငံတော်အတွက် ဆုတံဆိပ်ရယူပေးနိုင်ခဲ့မှုအပေါ်မူတည်၍ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့ လစဉ်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိသည်ကို အားကစားလောကသားများ အားကျဂုဏ်ယူဖွယ်ရာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ယနေ့ခေတ်ကာလကဲ့သို့ နိုင်ငံတော်အပိုင်းမှ အစစအရာရာ ဖြည့်ဆည်းအားပေး ဆောင်ရွက်ပေးနေသည့်အချိန်တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ အဆင့်ဆင့်သော တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ အသင်းမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အားကစား မီဒီယာများအပါအဝင် ပြည်သူတစ်ရပ်လုံးက ပိုင်းဝန်းပူးပေါင်း အားပေးဆောင်ရွက်ကြမည်ဆိုပါက အချိန်အတိုင်းအတာတစ်ခုအတွင်း မြန်မာ့အားကစား ပြန်လည်ဦးမော့လာနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသဖြင့် မြန်မာ့အားကစားတိုးတက်အောင်မြင်စေလိုသည့် ပြည်သူတစ်ရပ်လုံးနှင့်အတူ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းကို လိုက်လံလှုစွာ ဂုဏ်ပြုကြိုဆို လိုက်ရပါကြောင်း....။

မီးမပျက်စေချင်ပါ

နော်ယဉ်ကျေး

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် များမကြာမီ ပူပြင်းလှသော ရန်ကုန်၏ နွေရာသီကာလကို ဖြတ်သန်းချိန်နှင့် ကြုံရသဖြင့် ရန်ကုန်မြို့၏ လျှပ်စစ်မီးဒုက္ခကို မျက်ဝါးထင်ထင် ကြုံတွေ့. သိမြင်ခံစားခွင့်ရခဲ့ပါသည်။ အပူဒဏ်ကြောင့် လေအေးပေးစက်၊ ပန်ကာစသည့် အအေးပေးပစ္စည်းများ တစ်ပြိုင်နက်တည်းများစွာ အသုံးပြုလာကြသဖြင့် ပုံမှန်ထက်ပိုမိုၗ် ဝန်အားအသုံးပြုလာရသည့်အခါ ထုတ်လုပ်မှုက ပုံမှန်အတိုင်းသာရှိနေသဖြင့် ဓာတ်အားပြတ်တောက်မှုကို များစွာခံစားလာကြရသည်။

ဓာတ်အားစနစ် တည်ငြိမ်အောင် ဆောင်ရွက်နေ

အဆိုပါ အခြေအနေများကို အတတ်နိုင်ဆုံး ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုများအား ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက (၃-၅-၂၀၂၄) ရက်တွင် ထပ်ဆင့်ရှင်းလင်းခဲ့ရာတွင် ဓာတ်အားပြတ်တောက်မှုများနေသည့် အခြေအနေများအနက် NCC (National Control Center) ဗဟိုဓာတ်အားထိန်းချုပ်ဌာနမှ အရေးပေါ် ဝန်အားလျှော့ခြင်း (Load Shed) ပြုလုပ်နေခြင်းသည် ဓာတ်အားစနစ် တည်ငြိမ်အောင် မဖြစ်မနေ ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း၊ အခြားသောနိုင်ငံများတွင် ထုတ်လုပ်နိုင်သည့် ဓာတ်အား၏ ၈၅ ရာခိုင်နှုန်းကို ဖြန့်ဖြူးပြီး ၁၅ ရာခိုင်နှုန်းခန့်ကို လိုတိုးပိုလျှော့လုပ်နိုင်ဖို့ မောင်းနှင်ထားသဖြင့် မီးမဖြတ်ဘဲ ဓာတ်အားစနစ်ကို တည်ငြိမ်အောင်ထိန်းနိုင်ပြီး မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု မလုံလောက်ခြင်းကြောင့် ထုတ်လုပ်နိုင်စွမ်း ၁၀၀ ရာခိုင်နှုန်းကို အပြည့်အဝ ဖြန့်ဖြူးထားရသဖြင့် ဓာတ်အားစနစ် တည်ငြိမ်အောင်အတွက် အရေးပေါ်ဓာတ်အားပိတ်ခြင်း နည်းလမ်းမှလွဲ၍ ဆောင်ရွက်၍မရနိုင်ကြောင်း စသည့် အခြေအနေများကို အသေးစိတ်ရှင်းပြသဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေကို သိရှိနားလည်သဘောပေါက်ခဲ့ရသည်။

ပြည်သူအများစုကို ဝန်အားသုံးစွဲမှုကိစ္စကို ရှင်းပြရာတွင် သဘောမပေါက်ကြဘဲ မီးလာရေးကိုသာ အတင်းတောင်းဆိုနေကြပြီး လျှော့သုံးဖို့ကို လုံးဝမပြုလုပ်လိုကြပါ။ ယခုကဲ့သို့ ဓာတ်အားစနစ်တည်ငြိမ်အောင် ဝန်အားလျှော့ရပါသည်ဆိုသည်ကိုလည်း လက်ခံလိုကြမည် မဟုတ်ပါ။ ထို့ကြောင့် ဆရာသမားပြောသော အထမ်းသမားဌပမာဖြင့် နားလည်လွယ်အောင် ရှင်းပြလိုပါသည်။

အလေးချိန်အား ကြိုလျှော့ထားရန်လို

ပေါင် ၁၀၀၀ လေးသော ပစ္စည်းတစ်ခုကို လူ ၁၀ ယောက်

ထမ်းနေရာတွင် တစ်ဦးလျှင် ပေါင် ၁၀၀ စီ နိုင်နိုင်နင်းနင်း သယ်ယူနေကြရာမှတစ်ယောက်မှာ ခြေချော်လဲသွားခဲ့လျှင် ပေါင် ၁၀၀၀ အလေးကို ကျန်လူကိုးယောက်မှ တစ်ဦးလျှင် ၁၁၁ ပေါင် ရုတ်တရက်တိုး၍ထမ်းရပြီး မနိုင်မနင်းဖြစ်ကာ အားလုံးခြေချော်လဲရသလို လျှပ်စစ်သည်လည်း ထိုသဘောပင်ဖြစ်၍ လူအများ မီးအသုံးများ၍ မနိုင်ဝန်ထမ်းလာရလျှင် စက်များနေးသွားပြီး ရပ်ကုန်မည်ဖြစ်ပါသည်။ ထိုသို့မဖြစ်စေရန် အလေးချိန်အား ကြိုလျှော့ထားရန်လိုသလို လျှပ်စစ်ကို ကြိုတင်ပြီး အလည့်ကျ ပိတ်ပေးကြရခြင်းသာဖြစ်ပါသည်။

ဝန်အားလျှော့ခြင်း (Load Shed) ပြုလုပ်ရသည့် အခြေအနေနှင့် အကြောင်းအရင်း နှစ်ချက်သာရှိသည်။ ပထမအချက်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမလုံလောက်ခြင်းကြောင့် ဓာတ်အားသုံးစွဲမှုများသော (Peak Load Time) အချိန်တွင် ထုတ်လုပ်မှုထက်ပိုမိုသုံးစွဲခြင်းကြောင့် လျှပ်စစ်ပစ္စည်းကြီးများ ပျက်စီးဆုံးရှုံးစေရန်နှင့် ထုတ်လုပ်သည့် စက်များအပေါ် ဝန်အားများစွာပါပြီး စက်များရပ်တန့်သွားခြင်းမျိုး မဖြစ်စေရေးအတွက် မဖြစ်မနေ ဝန်အားလျှော့ခြင်း (ခေတ္တဓာတ်အား ဖြတ်တောက်ခြင်း) ပြုလုပ်ရပါသည်။

ဒုတိယအချက်မှာ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးရာတွင် ပြည်သူများအသုံးပြုသော လျှပ်စစ်ပစ္စည်း (ရုပ်မြင်သံကြား၊ ရေခဲသေတ္တာစသည်) များ၌ သတ်မှတ်ထားသော ဗို့အားမပြည့်ခြင်းနှင့် ကျော်လွန်ခြင်းကြောင့်လည်းကောင်း၊ ကြိမ်နှုန်း (Frequency) ကျော်လွန်ခြင်းနှင့်၊ ကျဆင်းနေခြင်းတို့ကြောင့် အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းမျိုးမဖြစ်စေရန် Load Shed ပြုလုပ်နေရခြင်း ဖြစ်ပါသည်။ ဓာတ်အားစနစ်အတွင်း Frequency ကျဆင်းလာနေပါလျက် ဝန်အားလျှော့ခြင်းကိုမပြုလုပ်ပါက System Breakdown ကို ဖြစ်ပေါ်လာစေနိုင်သဖြင့်လည်း မဖြစ်မနေ Load Shed ပြုလုပ်ရခြင်း ဖြစ်ပါသည်။ ပြည်သူများမှ ထိုအခါ မေးလာစရာရှိပါသည်။ လျှပ်စစ်မီးကို ပုံမှန်တစ်သမတ်တည်းပေးလို့ မရဘူးလားဟု မေးကြပါမည်။ တစ်ဦးကရေစက်ဖြင့် ရေတင်ချိန် နောက်တစ်ဦးက လျှပ်စစ်မီးဖိုဖြင့် ဟင်းချက်မည်။ ထိုသို့ မလုပ်ဘဲ နှစ်ဦးစလုံး ရပ်နားလျှင်လည်း ရပ်နားနေမည်။ ဝန်အားဆိုသည်မှာ တစ်သမတ်တည်း မည်သို့မျှ မရှိနိုင်သဖြင့် ဝန်အားသုံးစွဲမှုကိုလိုက်၍ ထိန်းညှိနေရခြင်းဖြစ်သည်။

အရေးပေါ်ဝန်အား လျှော့ချရခြင်းကို ပြုလုပ်နေရ

ဓာတ်အားထုတ်လုပ်နိုင်မှု အချိုးကျအရ အချိန်အပိုင်းအခြားအလိုက် မြန်မာတစ်နိုင်ငံလုံးအား ခွဲဝေဖြန့်ဖြူးပေးလျက်ရှိရာတွင် ရုတ်တရက်မြင့်မားလာသည့် သုံးစွဲမှုအရ ပြည်သူတို့ထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေအောင် အရေးပေါ်ဝန်အား လျှော့ချရခြင်းကို ပြုလုပ်နေရသည်။ ပုံမှန်ခွဲတမ်းအရ ရရှိမည့် ဓာတ်အားရရှိချိန်တွင် တိုက်ဆိုင်စွာ ဖြတ်တောက်ခံခဲ့ရပါက မီးပြတ်ချိန်ပိုမို ရှည်ကြာသွားနိုင်မည်ဖြစ်ပါသည်။

ဆောင်းပါးကို တိုတိုနှင့်ရှင်းရှင်းကိုရေးပါဟု ဆရာသမားကမှာထားလေတော့ တိုတိုနဲ့ရှင်းရှင်းပဲ ရေးပါမည်။ လျှပ်စစ်မီးမပျက်စေချင်ပါ၊ သို့သော်ပျက်ပါလိမ့်ဦးမည်။ လျှပ်စစ်ကို ၁၀၀ ရာခိုင်နှုန်းလိုနေချိန်တွင် ၅၀ ရာခိုင်နှုန်းကျော်ကိုသာ ထုတ်လုပ်နိုင်သည်။ ထိုအထဲမှ ၅၀ ရာခိုင်နှုန်းခန့်ကို ရန်ကုန်သို့ ပေးနေရသည်။ မီးမမှန်တာ ဓာတ်အားထုတ်လုပ်မှုမနိုင်လို့ဆိုတာ ရှင်းနေပါပြီ၊ ဘာလို့မထုတ်နိုင်လဲဆိုတော့ အကြောင်းကြောင်းကြောင့် ဖြစ်ပါသည်။ အဓိကမှာ တစ်ယူနစ် ထုတ်လုပ်စရိတ် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ခန့် ကုန်ကျနေချိန်တွင် ၃၅ ကျပ်သာ ပြည်သူထံမှ မနည်းကောက်ခံနေရသည်။ မထုတ်လုပ်နိုင်လို့ ဓာတ်အားမနိုင်၍(Load Shed) မဖြစ်မနေ လုပ်နေရသည်။ ထိုအခါ မီးလာချိန် စုပြုံသုံးကြ၍ Breaker တွေ ပြုတ်၊ လိုင်းဖော့တွေဖြစ်ပြီး မီးလာရမည့်အချိန် ပျက်ပြန်သည်။ ထို့ကြောင့် မီးကပျက်ပါလိမ့်ဦးမည်။ ဒီထက်လည်းရှင်းအောင် မရေးတတ်တော့ပါ။

နိဂုံးချုပ်တင်ပြလိုသည်မှာ ပြည်သူများ၏ နေအိမ်တွင် မီးခလုတ်လေးတစ်ချက် ဖွင့်လိုက်ရုံဖြင့် လျှပ်စစ်မီးလာစေရန် နောက်ကွယ်မှ အသက်သွေးချွေးနှင့် နည်းပညာမြောက်မြားစွာကို ရင်းနှီးပေးဆပ်နေကြသူများသည် လျှပ်စစ်ဝန်ထမ်းများသာ ဖြစ်ပါသည်။ မီးပျက်လျှင် နေပူမရှောင်၊ မိုးရွာမရှောင် အသက်အန္တရာယ်နှင့်ရင်းပြီး ပြည်သူများအတွက် အလုပ်လုပ်နေကြသည်မှာလည်း လျှပ်စစ်ဝန်ထမ်းများပင် ဖြစ်ပါသည်။ သို့ပါ၍ အမှောင်ခွင်း၍ အလင်းဆောင်ရန် ကြိုးစားဆောင်ရွက်ပေးနေသော လျှပ်စစ်ဝန်ထမ်းများသည်လည်း ပြည်သူထဲကပြည်သူများ နေ့ညဖိအားများစွာ ခံစားနေကြရသည့် လူသာမန်များသာဖြစ်ကြသဖြင့် ပြည်သူများမှ မျှဝေခံစားနားလည်မှုပေးကြစေလိုပါသည်။ ထို့ကြောင့် ဝန်အားလျှော့ချချိန် မဟုတ်ဘဲ လျှပ်စစ်မီးပြန်လည်ပြတ်တောက်ရခြင်းမျိုး မဖြစ်ရလေအောင် (၀၊) မီးခဏခဏ မလာစေရန် လျှပ်စစ်မီးလာလာခြင်း စုပြုံသုံးစွဲခြင်းမျိုး မပြုလုပ်ကြဘဲ အလှည့်ကျ စနစ်တကျ ထိန်းသိမ်းသုံးစွဲခြင်း၊ ချွေတာသုံးစွဲကြခြင်းဖြင့် ဓာတ်အားပြတ်တောက်ချိန် နည်းပါးလာစေနိုင်မည်ဖြစ်ပါကြောင်း အနူးအညွှတ် မေတ္တာရပ်ခံ၍ တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

> **"ဓာတ်အားထုတ်လုပ်နိုင်မှု အချိုးကျအရ အချိန်အပိုင်းအခြားအလိုက် မြန်မာတစ်နိုင်ငံလုံးအား ခွဲဝေဖြန့်ဖြူးပေးလျက်ရှိရာတွင် ရုတ်တရက်မြင့်မားလာသည့် သုံးစွဲမှုအရ ပြည်သူတို့ထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေအောင် အရေးပေါ်ဝန်အား လျှော့ချရခြင်းကို ပြုလုပ်နေရသည်။ ပုံမှန်ခွဲတမ်းအရ ရရှိမည့် ဓာတ်အားရရှိချိန်တွင် တိုက်ဆိုင်စွာ ဖြတ်တောက်ခံခဲ့ရပါက မီးပြတ်ချိန်ပိုမို ရှည်ကြာသွားနိုင်မည်"**

မော်လမြိုင်ကျွန်းမြို့နယ်၌ လုပ်ငန်းခွင် ထိခိုက်သေဆုံးသူအတွက် အကျိုးခံစားခွင့်ပေးအပ်

မော်လမြိုင်ကျွန်း၊ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လူမှုဖူလုံရေးရုံးခွဲ၌ အကျိုးဝင်မှတ်ပုံတင်ထားသော လူမှုဖူလုံရေးအကျိုးခံစားခွင့် ပေးအပ်ပွဲကို မေ ၁၈ ရက်က မြို့နယ်လူမှုဖူလုံရေးရုံးခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲစော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ရည်ရွယ်ချက်မှုလုပ်ငန်းမှ အာမခံအလုပ်သမား ဦးကျော်ရဲ၏ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခြင်းကြောင့် လူမှုဖူလုံရေးအဖွဲ့မှ နာရေးစရိတ်အတွက် ငွေကျပ် ၁၅၀၀၀ ကို ဖေဖော်ဝါရီ ၂ ရက်တွင် ပေးအပ်ခဲ့ပြီး ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၅၀၀၀၀ တိတိအား တိုင်းတာဝန်ခံအရာရှိက သေဆုံးသူ၏ ဇနီးဖြစ်သူထံသို့ ပေးအပ်ခဲ့ကာ နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုး ခံစားခွင့် စုစုပေါင်း ငွေကျပ် ၁၆၅၀၀၀ ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တာဝန်ခံအရာရှိ၊ မြို့နယ်လူမှုဖူလုံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခိုင်နွယ်နွယ်ထွန်းနှင့် ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဇာဇာလင်းနှင့် ကျန်ရစ်သူမိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်လူမှုဖူလုံရေးရုံးခွဲ၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၁၂၄ ဌာနရှိပြီး အာမခံအလုပ်သမား ၇၁၄ ဦးရှိကြောင်း တာဝန်ရှိသူများ ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

UN environment

" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၀

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားအစီအစဉ်များကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် နေပြည်တော် ဥပုဒ္ဓါတသန္တိစေတီတော်နှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တို့တွင် ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည် ဖြစ်သည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနား အစီအစဉ်တစ်ခုဖြစ်သည့် ဆီမီးတိုင်များ ကိုင်ဆောင်ပြီး လှည့်လည်ပူဇော်ပွဲအခမ်းအနားကို ညနေ ၃ နာရီ မိနစ် ၃၀ မှစတင်၍ တပေါင်းကွင်းမှ ဥပုဒ္ဓါတသန္တိစေတီတော်ပတ်လမ်းတစ်လျှောက်၊ ဥပုဒ္ဓါတသန္တိစေတီတော်မှ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာလမ်းတစ်လျှောက်နှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် မုခ်ဦးမှ ညောင်ရေသွန်းမည့် မဟာဗောဓိပင်အထိလည်းကောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်နှင့် ဥပုဒ္ဓါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းအခမ်းအနားများကို လည်းကောင်း MRTV– HD Channel၊ MRTV Parliament Channel၊ MWD–HD Channel၊ MWD– Variety HD Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel နှင့် Channel LIGHT Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူး ထုတ်လွှင့်သွားမည် ဖြစ်သည်။

ထို့ပြင် ည ၈ နာရီမှစတင်၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်တွင် သီတဂူဆရာတော်ကြီး၏ ဓမ္မသဘင် ဆင်ယင်ကျင်းပမှုကို MRTV Parliament Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel နှင့် Channel LIGHT Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV – HD Channel၊ MWD–HD Channel၊ MWD– Variety HD Channel တို့မှ ည ၈ နာရီ သတင်း အစီအစဉ်များအပြီးတွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်	-	မြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း		
အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ		
ဓာတ်ပုံ	-	တင်စိုး
သတင်းထောက်		
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀۶۷–၃۶၁၁၄၂၊ စာတည်းအဖွဲ့ ၀۶۷–၃۶၁၁၄၅၊ ဖက်စ် ၀۶۷–၃۶၁၁၄၃၊ ရန်ကုန်နဲ့ပဲခူး– အမှတ်(၅၃)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်ဖြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅ ဌေဒရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၄၅၀၃၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅۶۷၂၂၀၊ ၀۶۷–၃۶၁၁၄၅၊ မြန်မာ့ချိုရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈۶၀၄၅۶۷။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၄၅ ကျပ်	၂၄၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၉၅ ကျပ်	၂၄၇၅ ကျပ်
အောက်တိန်း ၉၂	၂၆၂၅ ကျပ်	၂၇၀၀ ကျပ်
အောက်တိန်း ၉၅	၂၇၅၀ ကျပ်	၂၈၂၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၉၀၀	၈၉၀၀	၈၂၄	၇၁၁၃၃၀၀
MTSH	၂၉၀၀	၂၉၀၀	၂၅၄၈၅	၄၅၀၅၂၅၈၀၀
MCB	၈၀၀၀	၈၀၀၀	၂၉	၂၃၂၀၀၀
FPB	၁၅၅၀	၁၅၅၀	၃၂၀	၄၉၀၅၅၀
TMH	၂၇၀၀	၂၇၀၀	၂၈၈	၇၅၁၀၀၀
EFR	၁၇၀၀	၁၇၀၀	၁၃၇၆	၂၃၃၉၂၀၀
AHPC	၀	၀	၀	၀
MAEPC	၂၂၅၀	၂၂၅၀	၆၁၉	၁၃၉၂၇၅၀

အရှေ့တောင်အာရှ ဂျူနီယာချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ထွက်ခွာ

ရန်ကုန် မေ ၂၀

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ မေ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှ ဂျူနီယာချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ ၂၀၂၄ (Badminton Asia South East(U–17&U–15)Mixed Team&Individual Event 2024)ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ကြက်တောင်အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ တွဲဖက်အတွင်းရေးမှူးနှင့် အားကစားသမားများ၏ ဆွေမျိုးမိဘများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကြက်တောင်အားကစားအဖွဲ့တွင် အုပ်ချုပ်သူ ဦးအောင်ခိုင်ထွေး၊ နည်းပြ ဒေါ်တွယ်တာဦး၊ အားကစားသမားရှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ဘရူနိုင်း၊ အရှေ့တီမောနိုင်ငံတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၀ ဦး တွေ့ရှိ

(၂၀-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၂-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၂၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လူရှိသည်ဖြစ်စေ၊
မရှိသည်ဖြစ်စေ၊
ပန်ကာများကို
ဆက်တိုက် ဖွင့်ထား
ခြင်းက မိတာခ
ပိုကျစေပါ၍
အသုံးလိုမှ ဖွင့်ပါ။

➢ မလိုအပ်သော
မီးများကို
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာပါ

➢ ညအချိန်
အိပ်နေချိန်တွင်
လျှပ်စစ်မီးများ
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို နေ့စဉ်
ချွေတာသင့်ပါသည်။

ပညာရေးဝန်ကြီးဌာန
၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်
ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပုံစံများ ကင်းစေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက် (၁၂) နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၀၉၇)၊ မိုးမခလမ်း၈ရိယာအကျယ်အနမ်း(၄၇ပေx ၆၀ပေ) ရှိ ဦးအောင်ဝင်း(CF-၁၀၅၈၅၉) အမည်ပေါက် နှစ်(၆၀) ကရန်မှရင်း၊ နေအိမ်ခြံမြေကွက်အနှက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် ၈ရိယာ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ကရန်မိတ္တူခြမ်း၊ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးအောင်ဝင်းမှ လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခင်အိ(၅/ဆလဂ(နိုင်)၀၄၇၇၈၉) မှလည်း အဝိုးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တိကျမှန်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကာနှိုက်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခင်အိ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင် (LL.B) တရားလွတ်တော်ရှေ့နေ (စဉ်-၁၈၇၄၇)
အမှတ်(၆၁၀)စိုလ်ဆွန်ပက်လမ်း၃၉(A)ရပ်ကွက်၊ဇဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၄၄၉၉၄၂၂ ၀၉-၆၉၃၅၃၃၃၇၈၅

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စည်ပူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းကြီး၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀၀B)၊ မြေကွက်အမှတ် ၆၂/ခ၁ အိမ်အမှတ် ၈/၅၆၇၊ အမည်ပေါက် ဗိုလ်ကြီးဖုန်းနိုင်ဒေါ်အေးကြည် ဟု ခေါ်တွင်သော မြေကွက်ထဲ၌ မခွဲစိတ်ရသေးသော အကျယ်အဝန်းအား ဖြင့် အရှေ့မျက်နှာစာ ၁၅/၄၀ပေ၊ အရှေ့အနောက် ၆၆/၁၀၆ပေရှိ မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီမော် ၁၂/အစရ(နိုင်)၂၄၂၂၇၄ မှ အဝိုးအပိုင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြရန်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီမော် ၁၂/အစရ(နိုင်)၂၄၂၂၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နေ၁ခက်ခက်နိုင်(LL.B)(စဉ်-၂၈၆၇၄) ဒေါ်ရီလေးမော်(LL.B)(စဉ်-၁၄၇၀၇)
အထက်တန်းရှေ့နေ တရားလွတ်တော်ရှေ့နေ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၂၀၀၈၃၃၀

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ပုသိမ်ခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမအတွေ့ထွေမှုအမှတ်-၆

ကွယ်လွန်သူ ဦးနိုင်ထွန်းအောင်(ခ)ဦးမောင်နိုင်နှင့်ဇနီး ဒေါ်ကြည်(ခ) ဒေါ်ကြည်ကြည်တို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ

ဦးအောင်ဆန်းဝင်း လျှောက်ထားသူ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ဘန်ကွေး ကုန်းလမ်း၊ အိမ်အမှတ်(၇၇)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးနိုင်ထွန်းအောင်(ခ) ဦးမောင်နိုင် နှင့်ဇနီး ဒေါ်ကြည်(ခ)ဒေါ်ကြည်ကြည်တို့၏ ကျန်ရစ်သော ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၁၀)၊ အကွက်အမည်-ရွှေဇိုလ် တပ် တောင်၊ ဦးပိုင်အမှတ်(၉၆)၊ မြေဧရိယာ(၀၁သမ၀၇၅)၈ကနှင့် ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ဝက်ကြီးကွင်းကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်(၉၅)၊ပန်းလှကွင်း၊ မြေကွက်အမှတ်(၅/၂၄)၊ (၅/၂၂)၊ မြေဧရိယာ(၀၁သမ၀၆)+ (၀၁သမ၆)စုစုပေါင်း ဧရိယာ(၁သသမ၃၀)ကောတို့ပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း နှင့် ဦးအောင်ဆန်းဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှတ် ၂၀၂၄ခုနှစ်၊ မေလ ၂၇ရက်(၁သ၈၆ခုနှစ်၊ ကဆုန်လဆုတ် ၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးနိုင်ထွန်း အောင် (ခ)ဦးမောင်နိုင် နှင့်ဇနီး ဒေါ်ကြည်(ခ)ဒေါ်ကြည်ကြည်တို့၏ ကျန်ရစ်သော ပစ္စည်းများကို အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမွေတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေလ ၂၇ရက်(၁သ၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၅ရက်)တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက် ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ် စာမထုတ်ပေးဘဲ မှတ်တမ်းများ ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက် ခြင်းမရှိဟုကံကွက်လျှင် ရုံးတော်က လျှောက်ထားသူ ဦးအောင်ဆန်းဝင်း၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက် ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ခုနှစ်၊ မေလ ၁၀ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ထားအိမ်ခိုင်)
ခုတိယခရိုင်တရားသူကြီး(၂)
ပုသိမ်ခရိုင်တရားရုံး

ကော့ကရိတ်မြို့ မြန်မာ့လျှစ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်တိုင်များ၊ လျှပ်စစ်ကြိုးများအား ပြန်လည်ပြင်ဆင်တပ်ဆင်ခြင်းဆောင်ရွက်

ကော့ကရိတ် မေ ၂၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များကြောင့် မြို့အတွင်း လဲကျ၊ ပြတ်ကျလျက်ရှိသော ဓာတ်တိုင်များ၊ လျှပ်စစ်ကြိုးများ ပြန်လည်ပြင်ဆင်ခြင်း၊ သွယ်တန်းခြင်း စစ်ဆေးရေးလုပ်ငန်းများကို မေ ၃ ရက်မှစ၍ နေ့စဉ် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အမှတ်(၅) ရပ်ကွက်ရှိ ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ သွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ခံဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဓာတ်အားခွဲရုံသို့သွယ်တန်းထားသော 33 KV ဓာတ်အားလိုင်း၊ မြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်များသို့ ဖြန့်ဝေ သွယ်တန်းထားသော ဓာတ်အားလိုင်းများ တစ်လျှောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သော နေရာများတွင် ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ အသစ်လဲလှယ် တပ်ဆင်ခြင်း၊ ဓာတ်တိုင်များ ကြံ့ခိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ဓာတ်အားလိုင်း ကြိုးများ မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ခင်မျိုးဝင်း(ခရိုင်ပြန်/ဆက်)

မြန်မာအသင်းယှဉ်ပြိုင်မည့် ASEAN Mitsubishi Electric Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ယနေ့ ပြုလုပ်မည်

ရန်ကုန် မေ ၂၀

၂၀၂၄ ASEAN Mitsubishi Electric Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၁ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္မိုင်းမြို့တွင် ပြုလုပ်မည်ဖြစ်ပြီး အာဆီယံဒေသတွင်း အသင်းအားလုံး ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက် အရ Pot-1 တွင် ထိုင်း၊ ဗီယက်နမ်၊ Pot-2 တွင် အင်ဒိုနီးရှားနှင့် မလေးရှား၊ Pot-3 တွင် ဖိလစ်ပိုင်နှင့် စင်ကာပူ၊ Pot-4 တွင် မြန်မာနှင့် ကမ္ဘာ ဒီးယား၊ Pot-5 တွင် လာအိုနှင့် ခြေစစ်ပွဲအောင် အသင်းတို့ ပါဝင်သည်။ ယခုနှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရမည် ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပ မည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲမှာ (၁၅) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး အာဆီယံဒေသတွင်း လက်ရှေးစင် အသင်းများအတွက် အဆင့်မြင့်ဆုံး ပြိုင်ပွဲလည်း ဖြစ်သည်။ ASEAN Mitsubishi Electric Cup ပြိုင်ပွဲကို ယခင်က တိုကိုဂါးဖလားပြိုင်ပွဲ၊ အာဆီယံ ချန်ပီယံ ရှစ်ပြိုင်ပွဲ၊ အာဆီယံဆူဗူကီးဖလားပြိုင်ပွဲ အမည်များဖြင့် ပြုလုပ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထိုင်း အသင်းက ချန်ပီယံခုနှစ်ကြိမ်ဖြင့် အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေပြီး စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ် အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲ နှစ်ကြိမ်သာ ဆီမီးဖိုင်နယ် တက်ရောက်ဖူးသည်။

၂၀၂၄ ASEAN Mitsubishi Electric Cup ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၂ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံး အဆင့်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းအပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်း တို့က တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ အဆင့် သတ်မှတ်ချက်နိမ့်သည့် တီမောနှင့် ဘရူနိုင်း အသင်းမှာ ခြေစစ်ပွဲကစားရမည်ဖြစ်ပြီး အနိုင်ရ သည့်အသင်းမှာ နောက်ဆုံးအဆင့် တက်လှမ်းခွင့် ရမည်ဖြစ်သည်။

ရဲရင့်လွင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/2567, Hyundai H-1 Mini Bus အား စစ်တွေမြို့၊ မြောက်စဉ်ဂြိုဟ်ရပ်ကွက်နေ THE LUT HERAN WORLD FEDERA က (ကမ-၃) ဟျောက်ဆုံးချဲ့ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည နေပြည်နယ်ရုံး(စစ်တွေ)

ယွေးသည်အသက်

တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(စ)နေ ဦးဝင်းဗိုလ်၏သား ဦး အောင်နိုင်မင်း(၉/ပဥလ(နိုင်)၀၅၈၇၈၃မှာ ဦးအောင် နိုင်မင်း(၁) ဦးအောင်နိုင်ဟိန်းဟု အမည်နှစ်မျိုး ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်အရေ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

ဦးအောင်နိုင်မင်း(၁)
ဦးအောင်နိုင်ဟိန်း

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ချင်းပြည်နယ်၊ ဟားခါးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်း နိုင်ပါရန် ဖိတ်ခေါ် အပ်ပါသည်-

(က) ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ

(ခ) ဒီဇယ်စက်သုံးဆီ(Preminum)ဝယ်ယူခြင်း

၂။ တင်ဒါစာတင်ရောင်းချမည့်နေ့ရက် - ၁၃-၅-၂၀၂၄ရက်

တင်ဒါပြိတ်မည့်နေ့ရက်၊ အချိန် - ၂၆-၅-၂၀၂၄ရက်၊ ၁၆၀၀နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များရှိပါက ဖုန်းနံပါတ် ၀၇၀-၂၁၉၄၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ပတ်စ်ပို့ပျောက်

(ဘ)ဦးစိန်သန်း ၏သမီးဖြစ်သူ မဟန်နီမော် (၉/လေရ (နိုင်) ၀၁၈ ၉၉၇ ၏ နိုင်ငံကူးလက်မှတ် နံပါတ်အမှတ် (ME 496692) သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း ၀၉ ၇၅၀ ၈၁၅ ၁၅၁

တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်ကေဆိုင်ရီဗဟာဒူး ချတ္တာရီး(ခ)မောင်ကိုမြင့်၁၃/လရန (နိုင်) ၀၁၅၂၉၄နှင့် ဦးကိုမြင့်သည် အမည်(၂) မျိုးကွဲလွဲနေသော်လည်း လုပ္ပဝိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/52053 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကည နမ၊ခရိုင်ရုံး(ဟင်္သာတ)

ခင်ပွန်းအဖြစ်မှ သက်ဆိုင်မှုမရှိတော့ပါကြောင်း
အများသိစေရန် ကြေညာခြင်း

ကျွန်ပ်၏မိတ်ဆွေ မသိမ်ခန့်ခွာစိုး (ဘ)ဦးဝင်းဓော် ၁၄/မမန (နိုင်) ၂၄၂၉ ၇၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ပ်၏မိတ်ဆွေ မသိမ်ခန့်ခွာစိုးနှင့် ကိုသက်နောင်မိုး (ဘ)ဦးအောင်မိုး ၁၄/မမန(နိုင်) ၃၂၄ ၇ ၇ ၇ တို့သည် ၂၀၁၈ခုနှစ်တွင် လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာမှ တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှုမရှိတော့ဘဲ ကိုသက်နောင်မိုးမှာ (၂-၃-၂၀၂၄ ၂ရက်တွင် နေအိမ်မှဆင်းသွားခဲ့ပြီး အဆက်အသွယ်ဖြတ်တောက်ထားပါသဖြင့် ခင်ပွန်းအဖြစ်မှ သက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ကိုသက်နောင်မိုး၏ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မသိမ်ခန့်ခွာစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်နီနီဝင်း(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၄၁၉၈/၁-၂-၂၀၁၈)
အမှတ်(၃၇၇)၊ အနောက်စ်ပြ(၂)လမ်း၊ မြောင်းမြမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရုပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီဝရပ်ကွက်မှ မြေစီးယာ ၀.၁၁၀ ကေရှိ ဒေါ်ခင်မည်၊ ၁၂/လမန(နိုင်)၀၆၀၃၃ (ဘ)ဦးညိုမောင် အမည်ပေါက် နှစ်(၃၀)မြောင်းစာချုပ် မြေကွက်အမှတ်(၀-၂၂၇၆) ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၇၀၆/၂၀၂၃(၁၅-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာရရှိထားသူ ဒေါ်အေးငြိမ်းမိုး ၇/၁၃နှစ်(နိုင်) ၁၂၆၈၂၂ (ဘ)ဦးကျော်အေးမှ ဦးစိုးလင်းအောင်၊ ၇/၁၃နှစ်(နိုင်)စရ၉၃၇၉၊ ဒေါ်အေးငြိမ်းမိုး ၇/၁၃နှစ်(နိုင်)၁၂၆၈၅၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများ အထောက်အထားနိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ကလေးခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၃

ဦးဥာဏ်ရင်	နှင့်	၁။ ဒေါ်ခင်ထားရီ
(၎င်း၏အခွင့်ရ		၂။ ဦးအောင်နိုင်
ကိုယ်စားလှယ် ဒေါ်သီတာလွင်		၃။ ဦးဥာဏ်တင်
		၄။ ဦးရှမောင်
		၅။ ဦးအောင်ဝင်း
		၆။ ဒေါ်ဆန်းဆန်းညွန့်
		၇။ ဒေါ်ရီးမုဏ်မောင်
		၈။ ဒေါ်ချိုချိုဦး
(အယူခံတရားလို)		(အယူခံတရားဖြေင်းများ)

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် ၄၇၃/ ရောင်းရန်လမ်း ၆ (၅)အယူခံတရားဖြေင်း ဦးအောင်ဝင်း (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

